# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၈)


## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။



သီတင်းကျွတ်လပြည့်အကြိုနေ့က ရန်ကုန်မြို့ ဆူးလေစေတီတော်တွင် ဆီမီးများ ထွန်းညှိပူဇော်ထားသည်ကို သပ္ပာယ်စွာဖူးတွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချက်သမ္မတနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၈**

၂၀၀၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင်ကျရောက်သော ချက်သမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ချက်သမ္မတနိုင်ငံသမ္မတ မစ္စတာဗက်ကလက်(ဗ်)၊ ကလော့(စ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အရည်အသွေးကောင်းကျောက်စိမ်းများရောင်းချမည်

**သတင်းဆောင်းပါး – စိန်ရွှေလှိုင်၊ ဓာတ်ပုံ – ထွေးကြည် (မြန်မာ့အလင်း)**

**ရန်ကုန် အောက်တိုဘာ ၂၇**

၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းက ကမ္ဘာအေးစေတီလမ်း မြန်မာ့ကျောက်မျက်ရတနာခန်းမတွင်ကျင်းပရာ သတင်းမီဒီယာသမားအနေဖြင့် တက်ရောက်ခွင့် ရရှိသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ●

### ရွှေဝါရင့်ရောင်ပုလဲ

အလေးချိန် ၅၇ ဒသမ ၈၀ မိုမီ အလေးချိန်ရှိပြီး ယူရိုငွေ ၂၀၃၀၀ တန်ဖိုးရှိသည့် ရှားရှားပါးပါး ရွှေဝါရင့်ရောင် ပုလဲ ၁၁၈ လုံး (Lot No.266)ကိုစွဲမက်ဖွယ် ဤသို့တွေ့ရသည်။

ဓာတ်ပုံ–ထွေးကြည် (မြန်မာ့အလင်း)




## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချက်သမ္မတနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၈**

၂၀၀၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင်ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗလာဒီမာ၊ စပစ်(ဒ်)လာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### ကျောက်စိမ်းတုံးများ

၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်စိမ်းတုံး အမြောက်အမြား အဓိကထား ပြသထားသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–ထွေးကြည် (မြန်မာ့အလင်း)



### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အနန္တောအနန္တ ငါးပါးဂုဏ်ကျေးဇူးကို အထူးပေးဆပ်

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့ဖြစ်သည်။ မြတ်စွာဘုရားသခင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ် လူ့ပြည်သို့ ကြွမြန်းဆင်းသက်တော်မူလာသည့်နေ့ဖြစ်၍ ထူးမြတ်သော နေ့တစ်နေ့ဖြစ်သည်။

မြတ်စွာဘုရားသခင်သည် မယ်တော်ဖြစ်ဖူးခဲ့သော သန္တုသိတနတ်သားကို အကြောင်းပြု၍ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာခုနစ်ကျမ်းဖြစ်သည့် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းတို့ကို ဝါဆိုလပြည့်နေ့မှစ၍ ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးတော်မူခဲ့သည်။

မြတ်စွာဘုရားသခင်သည် အဘိဓမ္မာတရားတော်ကို နတ်၊ ဗြဟ္မာတို့အား တာဝတိံသာနတ်ပြည်၌ အကျယ်နည်း ဖြင့်လည်းကောင်း၊ ရှင်သာရိပုတ္တရာအား စန္ဒကူးတော၌ အကျဉ်းနည်းဖြင့်လည်းကောင်း၊ ရှင်သာရိပုတ္တရာက တပည့်ရဟန်းငါးရာတို့အား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် မကျဉ်းမကျယ် နည်းဖြင့်လည်းကောင်း ဟောကြားတော်မူခဲ့သည်။

ဤသို့ဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားသခင်သည် အဘိဓမ္မာတရား ဟောကြားခြင်း ပြီးဆုံးသည်ကို အကြောင်းပြုကာ ထိုနေ့ကို **“အဘိဓမ္မာအခါတော်နေ့”**ဟူ၍ နေ့ထူး နေ့မြတ်သတ်မှတ်ကာ အဘိဓမ္မာပူဇော်ပွဲများကို ကျင်းပကြခြင်းဖြစ်သည်။

မြတ်စွာဘုရားသခင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်ကြွမြန်းလာသည်ကို ရည်စူး၍ မြတ်စွာဘုရားရှင်အား ပူဇော်သည့်အနေဖြင့် ထိုနေ့တွင် ဆီမီးများထွန်းညှိပူဇော်ကာ မြင်းမိုရ်ပွဲများ နိုင်ငံအနှံ့ဆင်ယင်ကျင်းပကြခြင်း ဖြစ်သည်။ ထို့အပြင် တာဝတိံသာနတ်ပြည်တွင် တည်ရှိသည့် စူဠာမဏိစေတီတော်ကို ရည်စူးကာ မီးပုံးပျံများလွှတ်တင်ကာ ပူဇော်ကြသည်။

ပို၍အလေးအမြတ်ပြုရမည်မှာ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ခုနစ်ဝါအရောက်တွင် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အဘိဓမ္မာတရားဖြင့် ကျေးဇူးဆပ်ခြင်းဖြစ်ပေရာ မိဘကျေးဇူးကို တရားဓမ္မဖြင့် ပေးဆပ်တော်မူခဲ့သော ဘုရားရှင်၏ဂုဏ်ကျေးဇူးကို အထူးသိမြင်ပြီး မိမိတို့ကလည်း မိဘ၊ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို ကျေပွန်အောင်ပေးဆပ်နိုင်စေရန် အားထုတ်ကြရမည်ဖြစ်သည်။

ထိုသို့ ထူးခြားမွန်မြတ်သော သက်ကြီးမိဘ၊ဆရာသမားများကို ပူဇော်ရခြင်းဖြင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများခြင်း၊ ခွန်အားကြီးခြင်း တည်းဟူသော အကျိုးလေးပါးကို ရရှိစေနိုင်သည့်အပြင် သီတင်းကျွတ်လပြည့်နေ့၏ အနှစ်သာရသည်လည်း ပိုမို၍ ပေါ်လွင်ထင်ရှားလာမည် ဖြစ်ပေသည်။

ထို့ကြောင့် ထူးခြားလေးနက်သည့် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်များသည် စေတီ၊ ဘုရား၊ ပုထိုး၊ ကျောင်း၊ ဇရပ်များ၌ အရဏ်တက်ချိန်မှစ၍ တရားဒေသနာများ ရွတ်ဖတ်ပူဇော်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ တရားဘာဝနာများ ပွားများအားထုတ်ခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ သက်ကြီးမိဘ၊ ဆရာသမားများအား ပူဇော်ကန်တော့ခြင်းစသည့် ထူးကဲမွန်မြတ်သော အစဉ်အလာကောင်းများကို ပြုလုပ်ကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ ထူးကဲမွန်မြတ်သည့် အဘိဓမ္မာအခါတော်နေ့၊ သီတင်းကျွတ်လပြည့်နေ့တွင် မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်၍ မြန်မာတို့၏ လေးစားမြတ်နိုးဖွယ်ကောင်းသော အစဉ်အလာဓလေ့များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း အနန္တောအနန္တ ငါးပါးတို့၏ ဂုဏ်ကျေးဇူးကို အထူးပေးဆပ်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မြဝတီရုပ်မြင်သံကြား

၂၈-၁၀-၂၀၀၄
(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Landforms, Earth Structure and Tectonic Processer (ပထမနှစ်၊ ပထဝီဝင်အထူးပြု)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရေသူမလေးရဲ့အချစ်”** (အပိုင်း-၁၂)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိန်းငှက်သူရဲကောင်း”** (အပိုင်း-၁၅)

# ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# သင်္ဃန်းကျွန်း စံပြဆေးရုံကြီးသို့ စီ၊ တီ၊ စကင်န်နာလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၇

**ကျန်းမာရေးဝန်ကြီးဌာန သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ ဂျပန်နိုင်ငံ Daiyu kai Medical Foundation က C.T. Scanner လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

လှူဒါန်းပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံး-ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်ဂျပန်နိုင်ငံ Daiyukai Medical Foundationမှ Presidentနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ Daiyukai Medical Foundation မှ President, Professor, Shinichi Itoက C.T. Scannerလှူဒါန်းရခြင်း အကြောင်းကိုရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြု**

ဆက်လက်၍ Professor, Shinichi Ito က C.T. Scanner ကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဂျပန်နိုင်ငံ Daiyukai Medical Foundation က လှူဒါန်းသော C.T. Scanner သည် အမေရိကန်ဒေါ်လာ၂၄၇၁၈၇ ဒသမ ၁၅ ဒေါ်လာတန်ဖိုးရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မလွှကုန်း မီးရထားရပ်ကွက် ကိုယ့်အားကိုယ်ကိုး အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁ရက်က ရပ်ကွက်ရုံးတွင် ပြုလုပ်ရာ မြို့နယ် ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ခင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (၂၅၉)





**အောက်တိုဘာ ၁၇ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ဗဟိုရုံးခန်း(ဗဟန်း၃လမ်း မှတ်တိုင်အနီး)တွင် ဦးကိုကို-ဒေါ်အေးမြနှင်း၊ သားမောင်အောင်ဖြိုး(အေးရိပ်သာမိသားစု)အမှတ် ၅၆ အေးရိပ်သာ ၁ လမ်း၊ ဗဟန်းက အလှူတော်ငွေကျပ် နှစ်သိန်းကို နာယက ဦးထွန်းမြတ်အောင်သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ကျုံမငေးစက်ရုံဓမ္မရိပ်သာ ဘုံကထိန်အလှူပွဲ

**ရန်ကုန် အောက်တိုဘာ ၂၇**

ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာတွင် (၁၅)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလဆန်း ၁ ရက် (နိုဝင်ဘာ ၁၂ရက်) သောကြာနေ့ နံနက်၈နာရီတွင် စက်ရုံဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက သာသနဓဇ သိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမန ဆရာတော် အမှူးပြုလျက် သံဃာတော်အရှင်သူမြတ်များအား အလှူရှင်များကိုယ်တိုင် ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ စီဝိုင်စီသင်္ကန်းတစ်စုံလျှင် ဆွမ်းအလှူငွေ အပါအဝင် ကျပ် ၅၅၀၀ နှုန်းဖြင့် အကျိုးဆောင်အဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ဆက်သွယ်လှူဒါန်းနိုင်

**ရန်ကုန် အောက်တိုဘာ ၂၇**

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် လမ်း (၁၁၀) ပဲခူးကျောင်းတိုက်ရှိ အောင်ပြည်ငြိမ်းအေး စေတီတော်ဘက်စုံ ပြုပြင်ရေးလုပ်ငန်းများကို ပဓာနနာယက ဆရာတော်အရှင်တေဇနှင့် ပါရမီရှင်အဖွဲ့က ဦးစီးဆောင်ရွက်လျက်ရှိရာ ဆက်သွယ် လှူဒါန်းလိုသူများသည် ဖုန်း-၂၉၄၀၀၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**



# ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ယဉ်ကျေးမှုသံမှူးနှင့်ကုမ္ပဏီအဖွဲ့ တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၂၇

**ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr.Wang Ruiqing သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sunny Capital Group Co,Ltd. Director General Mr. Li Xudong နှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ရွှေဘုန်းပွင့်စေတီတော် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၂၇

**ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၄)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ကန်းရက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက် ညနေ ၆နာရီတွင်ကျင်းပပြီး မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပွဲကို နိုဝင်ဘာ ၂၆ ရက် အရုဏ်တွင် ကျင်းပမည်ဖြစ်သည်။ ရက်ကန်းရက်ပြိုင်ပွဲကို စင်တော် ၁၀ စင်ဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ခေါင်းဆောင်နှင့်တွဲဖက်တို့၏ အသက်ကန့်သတ်ချက်ကို ၁၆ နှစ်မှ ၃၅ နှစ်အတွင်း သတ်မှတ်ထားရာ ပြိုင်ပွဲဝင်ပုံစံ လျှောက်လွှာများကို ယနေ့မှစ၍ ရွှေဘုန်းပွင့်စေတီတော် ဂေါပကရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး နိုဝင်ဘာ ၁၂ ရက် (သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံးသို့ တင်သွင်းနိုင်ကြောင်း သိရသည်။** (မြန်မာ့အလင်း)

## နန်းအမတ နိမ္မုမြိုင်ကို

* တာဝတိံသာဉ် ပြာသာဒ်
ရှင်မြတ်စွာမှန်ကူ
သင်္ကာသလျှံကြူသည်
စံတော်မူသည်ပွဲ
ပြဟ္မာနတ်သိမ့်သိမ့်လျှံသည်
ခြိမ့်ခြိမ့်ညံသောင်း ဗိုလ်ထုခဲ။

* ဦးညွှတ်၍ ပဏာနိုင်သည်
သဒ္ဒါအိမ်ညွှတ်ဆဲ
ပြာ၊ ဝါ၊ ထိန် တံခွန်ကဲပါလို့
အလွန်ပဲတင့်စည်
စက္ကဝါ မောင်းလျှံပတ်
သောင်းယံမြတ် လင်းထိန်၍ကြည်။

* ကျင့်သီလ ပဥ္စသီရယ်
အဌင်္ဂီတည်မြဲ၍
ဤပွဲသည်ချိန်တိုင်
တောင်းဆုပိုင်ပိုင်
နန်းအမတ ပန်းဝမြိုင်ကို
မြန်းကြွနိုင်စေကြောင်းပလေး။ ။

**ဉာဏ်စိုး**



**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sunny Capital Group Co., Ltd. မှ Director General Mr. Li Xudong လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ရဟန်းသာမဏေများဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၂၇**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊မန္တလေး) တို့၌ ၁၃၆၆–၆၇ ပညာသင်နှစ် သာသနသက္ကသီလဓမ္မာစရိယ ပထမနှစ်သင်တန်းသို့တက်ရောက်လိုသော အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်း တစ်ခုခုအောင်မြင်ပြီးသော အသက်(၃၀)၊ သိက္ခာ(၁၀)ဝါအောက်ရှိ ရဟန်းသာမဏေများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဝင်ခွင့်လျှောက်ထားသော ရဟန်းသာမဏေများသည် ကျောင်းဝင်ခွင့် စာမေးပွဲဖြေဆိုရမည်ဖြစ်၍ အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်း၊ သဒ္ဒါ၊အဘိဓမ္မာဘာသာရပ်များနှင့် မြန်မာစာတို့ကိုအခြေခံသော မေးခွန်းလွှာ (၁)ခုနှင့် သာသနာရေးဆိုင်ရာ အထွေထွေဗဟုသုတ မေးခွန်းလွှာ(၁)ခု တို့ကို ဖြေဆိုရမည်ဖြစ်သည်။

**တင်သွင်းနိုင်**

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော်(၃)ရက် အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့)မှ စတင်ကာ ထုတ်ပေးမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်မှာ ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက် နိုဝင်ဘာ ၁၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီအထိဖြစ်၍ လျှောက်လွှာပိတ်ရက်မတိုင်မီ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာတက္ကသိုလ်၏ မော်ကွန်းထိန်းရုံး၌ တောင်းယူတင်သွင်းနိုင်သည်။

အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)မော်ကွန်းထိန်းရုံး ဖုန်း–၀၁–၆၆၅၃၆၂၊ ၀၁–၆၆၂၉၉၇၊နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မော်ကွန်းထိန်း ရုံး ဖုန်း–၀၂–၂၆၈၇၆၊ ၀၂–၆၁၁၁၄၊ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး ဖုန်း–၀၁–၆၆၄၃၉၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သာယာမည်** ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

# နိုင်ငံတော်၏ ၁၆၆ ခုမြောက် သီရိနန္ဒာရေလှောင်တမံနှင့် ၁၆၇ ခုမြောက် သစ်ကြီးတောရေလှောင်တမံဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၂၇

**မကွေးတိုင်း ပခုက္ကူခရိုင်အတွင်း ဒေသဆန်ဖူလုံရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေရရှိရေးအတွက် မြိုင်မြို့နယ် သစ်ကြီးတောကျေးရွာအနီးရှိ သစ်ကြီးတော ရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင်ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပခုက္ကူခရိုင်နှင့် မြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက သစ်ကြီးတော ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် တိုင်းဥက္ကဋ္ဌဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က သစ်ကြီးတော ရေလှောင်တမံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

သစ်ကြီးတောရေလှောင်တမံသည် မြေသားတမံ အုတ်စီရေထုတ်ပြွန်အမျိုးအစားဖြစ်ပြီး ရေသိုလှောင်နိုင်မှုပမာဏ ဧကပေ ၈၀၀ ရှိ၍ စပါးစိုက်ဧက ၇၅ ဧက ကို ရေပေးဝေနိုင်မည့်အပြင် ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန်အတွက် ဆည်များ အစုအဖွဲ့အလိုက် တည်ဆောက်ပေးမှုကြောင့် စိုက်ပျိုးရေးသာမက ပတ်ဝန်းကျင် အနေအထားပြောင်းလဲပြီး သောက်သုံးရေများရရှိမှု၊ လူမှုစီးပွားရေးတိုးတက်မှုရှိလာမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့သည် မြိုင်မြို့နယ် ဒေါင်အိုကျေးရွာအနီးရှိ သီရိနန္ဒာ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီးဦးအုန်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဒေသခံပြည်သူများ ကိုယ်စား မြိုင်မြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက သီရိနန္ဒာ ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးဦးအုန်းမြင့်နှင့်အတူ သီရိနန္ဒာ ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဥက္ကဋ္ဌက ရေလှောင်တမံ၊ ရေထုတ်ပြွန်၊ ရေထိန်းတံခါးကိုဖွင့်လှစ်၍ တမံအတွင်းမှရေများ စတင်ထုတ်လွှတ်ပေးပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

သီရိနန္ဒာရေလှောင်တမံသည် မြေသားတမံ သံကူကွန်ကရစ် အမျိုးအစား ရေထုတ်ပြွန်ပါရှိပြီး ရေသိုလှောင်ထားနိုင်မှုပမာဏ ဧကပေ ၁၈၂၀၀ရှိ၍ စိုက်ပျိုးရေးအတွက်သာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုမည်ဖြစ်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ သီရိနန္ဒာရေလှောင်တမံရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က မကွေးတိုင်းအတွင်း ရေလှောင်တမံနှင့်လျှပ်စစ်မြစ်ရေတင်စီမံကိန်းများဆောင်ရွက်နိုင်မှု၊ စပါးစိုက်ဧကတိုးမြှင့်စိုက်ပျိုးလာမှု၊ နိုင်ငံတော်မှလစဉ် ဆည်ရေလှောင်တမံများ ဖွင့်လှစ်ပေးမှု၊ ဒေသအလိုက်ဆည်အစုအဖွဲ့ဖြင့် တည်ဆောက်မှုကြောင့် ရေရရှိမှုသည်တစ်ဆက်တစ်စပ်တည်းဖြစ်ပေါ်ပြီး သစ်တောသစ်ပင်ပေါက်ရောက်မှုကို များစွာအကျိုးပြုမှု၊ မိုးနည်းရေရှားသည့်ဤဒေသတွင် ယခုဖွင့်လှစ်သည့်ရေလှောင်တမံနှစ်ခုကြောင့် ဒေသနေပြည်သူများ နွေရာသီရေခက်ခဲမှုဖြည့်ဆည်းပေးမှု၊ ဒေသရှိ သဲချောင်းများ ရေတိုက်စားစီးဆင်းလာမှုနှင့် အနည်းငယ်ရွာသမျှ မိုးရေတိုက်စားမှုကြောင့် မြေဆီလွှာဆုံးရှုံးမှု၊ ဧရာဝတီမြစ်အတွင်း သဲသောင်ဖြစ်ထွန်းမှု၊ ရေလမ်းကြောင်း ပိတ်ဆို့မှုကာကွယ်ရေးကို အထောက်အကူပြုမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်မှ ယခုကဲ့သို့ ရေလှောင်တမံနှစ်ခုဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ ဆည် ရေလှောင်တမံစုစုပေါင်း ၁၆၇ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား

## အက်စတိုးနီးယားတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

**အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် တနင်္လာနေ့က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အက်စတိုးနီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြား ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ပြီးခဲ့သည့် ၂၀၀၃ခုနှစ် မတ်လက စတင်ပြီး ကျူးကျော်စစ်ပွဲဆင်နွှဲခဲ့သည့် အချိန်ကတည်းက အီရတ်၌ အက်စတိုးနီးယား တပ်ဖွဲ့ဝင်သေဆုံးမှုမှာ ယခုအခါ နှစ်ဦးမြောက် သေဆုံးခဲ့ရပြီဖြစ်သည်။

အီရတ်နိုင်ငံတွင် အက်စတိုးနီးယားတပ်ဖွဲ့ဝင်စုစုပေါင်း ၃၂ဦး ရှိနေပြီး အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့်အတူပါဝင်ဆောင်ရွက်လျက်ရှိသည်။

အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများသည် လာမည့် ဇန်နဝါရီလ၌ အီရတ်နိုင်ငံတွင် ပြုလုပ်မည့် ရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်ကြိုးစားနေကြကြောင်း အက်စတိုးနီးယားဝန်ကြီးချုပ် ဂျွန်ပက်စ်က ပြောကြားသည်။

အဆိုပါဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ အက်စတိုးနီးယားစစ်ဘက်မှ ပြောကြားရာ၌ မိမိတို့ စစ်ယာဉ်တစ်စီးအောက်တွင် လက်လုပ်ဗုံးတစ်ခုကို လာရောက်ထားရှိပြီး ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဗုံးခွဲ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အက်စတိုးနီးယားတပ်ဖွဲ့ဝင် ငါးဦးအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး စိုးရိမ်ရသော အခြေအနေ ရှိကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



ဘာဆာရာမြို့တွင် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

**မြန်မာ့အလင်း**

**နိုင်ငံတကာ သတင်းများ**

## ကန်တပ်ဖွဲ့နှင့် ခုခံရေးသမားများ ရာမာဒီတွင် တိုက်ပွဲဖြစ်ပွား

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

**ရာမာဒီမြို့တွင် တနင်္လာနေ့က အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်ခုခံ တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားခဲ့ရာ အနည်းဆုံး လူသုံးဦးသေဆုံးကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

**— နေရာယူ —**

အဆိုပါတိုက်ပွဲဖြစ်ပွားသည့် နေရာမှာ ရာမာဒီမြို့လယ်ရှိ မာလက်လမ်းတွင်ဖြစ်ကြောင်း၊ ချောင်းမြောင်းပစ်ခတ်သူများက အဆောက်အအုံအမြင့်များရှိ ခေါင်မိုးများပေါ်တွင် နေရာယူထားပြီး အမေရိကန် ရဟတ်ယာဉ်များနှင့် စစ်လေယာဉ်များကအပေါ်မှ ပျံသန်းလျက်ရှိသည်ကို တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသို့ ပြောကြားသည်။

**— ဖြစ်ပွား —**

အဆိုပါတိုက်ပွဲတွင် အနည်းဆုံး လူသုံးဦးသေဆုံးပြီး အရေးပေါ်ယာဉ်များမှာ တိုက်ပွဲများ ဖြစ်ပွားနေသဖြင့် အဆိုပါနေရာသို့ ဝင်ရောက်နိုင်ခြင်းမရှိကြောင်း ရာမာဒီ အထွေထွေဆေးရုံရှိ ဆေးဘက်ဆိုင်ရာသတင်းများက ဖော်ပြသည်။

ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၁၀၀ခန့် အကွာရှိ ရာမာဒီမြို့ အပါအဝင် အနောက်ပိုင်း အန်ဘာပြည်နယ်သည် လွန်ခဲ့သည့်နှစ်က အီရတ်တွင် အမေရိကန်ဦးဆောင်သော စစ်ပွဲဖြစ်ပွားခဲ့ကတည်းက အမေရိကန်တပ်ဖွဲ့များအား ကာလကြာမြင့်စွာ တိုက်ခိုက်ခဲ့သည့်နေရာများဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အောက်တိုဘာ ၂၆ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၀၈ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ်၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက် ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

အောက်တိုဘာ ၂၆ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၀၈ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာယင်းအနက် ၈၅၁ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၅၇ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ဦး၊ အီတလီ ၁၉ဦး၊စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၇၀ဦး ဖြစ်ပြီး ယင်းအနက် ၇၃၇ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၂၂၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

## ပြိတိသျှတပ်ဖွဲ့ဝင်များ နေရာပြောင်းရွှေ့နေရာချမှု အန္တရာယ်ကြီးမားကြောင်း ဘလဲ၏အတိုက်အခံများ ဝေဖန်

လန်ဒန် အောက်တိုဘာ ၂၅

**အမေရိကန်တပ်ဖွဲ့ဝင်များကို အထောက်အကူပေးသည့်အနေဖြင့် အီရတ်နိုင်ငံအတွင်းပိုင်းသို့ တပ်ဖွဲ့ဝင်များပြောင်းရွှေ့နေရာဖြန့်ချထားမှုနှင့် ပတ်သက်၍ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအပေါ် သူ၏နိုင်ငံရေးအတိုက်အခံများက အသစ်တစ်ဖန် ဝေဖန်ပြစ်တင်တိုက်ခိုက်ခြင်းတစ်ရပ်ကို တိုနီဘလဲ ရင်ဆိုင်ခဲ့ရသည်။**

အမေရိကန်သမ္မတ ရွေးကောက်ပွဲ အချိန်နီးကပ်လာချိန်တွင် လက်ရှိ အမေရိကန်သမ္မတဘုရှ်ကို အကူအညီပေးသည့်အနေဖြင့် ပိုမိုအန္တရာယ်များသော အီရတ်နိုင်ငံအတွင်းပိုင်းသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များပြောင်းရွှေ့နေရာချရေးကိစ္စ စွပ်စွဲချက်များကို ဝန်ကြီးချုပ်တိုနီဘလဲ ပွင့်လင်းစွာ ပြောကြားရန် ယခင်ကွန်ဆာဗေးတစ် ပါတီ အစိုးရအဖွဲ့ ထိပ်တန်းအဖွဲ့ဝင်ဟောင်း လေးဦးအပါအဝင် ဝန်ကြီးချုပ်ဟောင်း ဂျွန်မေဂျာကလည်း ပြစ်တင်ဝေဖန် စွပ်စွဲပြောကြားလျက်ရှိသည်။

ယခင်ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဂျွန်မေဂျာ၏ အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးချုပ်ဖြစ်သူ လော့ဒ်ဟီဆယ်တန်ကလည်း အရှေ့အလယ်ပိုင်း ကိစ္စရပ်အချို့တွင် တိုနီဘလဲ လိမ်ညာခဲ့သည်ဟု မိမိထင်ကြောင်း စွပ်စွဲပြောကြားသည်။

ထို့ပြင် အိုင်တီဗွီအိုင်ရုပ်မြင်သံကြား အစီအစဉ်တွင် လော့ဒ်ဟီဆယ်တန်က ပြောကြားရာတွင် ဗြိတိသျှ တပ်ဖွဲ့ဝင်များကို နေရာပြောင်းရွှေ့ချထားခြင်းသည် အလွန်အန္တရာယ်များသော လုပ်ရပ်တစ်ခု ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တစ်ဖန် အီရတ်တွင်လည်း အမေရိကန် တို့စွပ်စွဲခဲ့သလို အဖျက်စွမ်းအားကြီးမားသော တားမြစ် လက်နက်များလည်းမရှိကြောင်း ပြောကြားသည်။ **(အင်တာနက်)**

## ခါလ်ဒီယာ၌ ကန်စစ်ယာဉ်တန်း ကားဗုံးခွဲ တိုက်ခိုက်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

**ခါလ်ဒီယာမြို့အနီးရှိ အဓိကလမ်းပေါ်တွင် တနင်္လာနေ့က အသေခံကားဗုံးဖောက်ခွဲသူတစ်ဦးက အမေရိကန်စစ်ဘက်ယာဉ်တန်းတစ်ခုအား တိုက်ခိုက်ခဲ့ကြောင်း ဒူဘိုင်းအခြေစိုက် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက ပြောသည်။**

အဆိုပါ ပေါက်ကွဲမှုကြောင့် စစ်ဘက်ယာဉ်အချို့ ပျက်စီးခဲ့ပြီး အမေရိကန် သေဆုံးဒဏ်ရာရရှိမှုအချို့ရှိသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားကြောင်း ရုပ်မြင်သံကြားက ထုတ်လွှင့်သည်။

ဘဂ္ဂဒက်၏အနောက်ဘက် ကီလိုမီတာ ၈၀ခန့် အကွာရှိ ခါလ်ဒီယာမြို့တွင် တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်က လောလောဆယ် သတင်းမထုတ်ပြန်သေးပေ။ ခါလ်ဒီယာ၊ ဖော်လူဂျာ၊ ရာမာဒီ အပါအဝင် အနောက်ပိုင်းရှိ အန်ဘာပြည်နယ်သည် လွန်ခဲ့သည့်နှစ်က အီရတ်တွင် အမေရိကန်ဦးဆောင်သော စစ်ပွဲဖြစ်ပွားခဲ့ကတည်းက အမေရိကန် တပ်ဖွဲ့များအား ကာလကြာမြင့်စွာ တိုက်ခိုက်ခဲ့သည့် နေရာများဖြစ်သည်။

ယင်းနေ့စောစောပိုင်းက ဘဂ္ဂဒက်ရှိ နိုင်ငံခြား စစ်ဘက်ယာဉ်တန်း တစ်ခုအနီး ကားဗုံးပေါက်ကွဲခဲ့သဖြင့် အနည်းဆုံးအီရတ်နှစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာ ရရှိခဲ့သည်။

ပေါက်ကွဲမှုမှာ နံနက် ၈နာရီခန့်တွင် ကာရာဒါ၏ ပတ်ဝန်းကျင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စစ်ဘက်ယာဉ် တစ်စီးပျက်ဆီးခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို အောက်တိုဘာ ၂၆ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



## အီရတ်ရှိ ဩစတြေးလျ သံရုံးအနီး ပေါက်ကွဲမှုဖြစ်ပွား တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိ

ကင်ဘာရာ အောက်တိုဘာ ၂၆

**အီရတ်မြို့တော်ဘဂ္ဂဒက်ရှိ ဩစတြေးလျသံရုံးအနီးတွင် ဗုံးပေါက်ကွဲမှုတစ်ခုကြောင့် ဩစတြေးလျတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်းဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့(အေဒီအက်ဖ်)က တနင်္လာနေ့တွင် အတည်ပြုပြောကြားသည်။**

**သံချပ်ကာယာဉ်သုံးစီးပါဝင်သော ဩစတြေးလျယာဉ်တန်းသည် ဘဂ္ဂဒက်ရှိ ဩစတြေးလျသံရုံးမှ မီတာ ၃၅၀ ခန့်အကွာတွင် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း အေဒီအက်ဖ်ပြောရေးဆိုခွင့်ရှိသူမိုက်ဟာန်နန်ကပြောသည်။**

**ယင်းမှာ အီရတ်၌ ဩစတြေးလျတပ်ဖွဲ့ဝင်များ ပထမဆုံးအကြိမ်တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ သီးခြားယာဉ်တစ်စီးအတွင်း ဖောက်ခွဲရေးပစ္စည်းများ ဝှက်၍ယူလာကာ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ဩစတြေးလျစစ်ယာဉ်နှစ်စီး ပျက်စီးခဲ့ကြောင်း ၎င်းက ပြောသည်။ အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် မည်သည့်သံတမန်မျှ ယာဉ်တန်းဖြင့် သွားလာခြင်း မရှိကြောင်း သိရသည်။**

အမ်အင်အေ၊ဆင်ဟွာ

# ကာဘာလာ၌ ဘူဂေးရီးယားစစ်ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရ
# တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

ဆိုဖီယာ အောက်တိုဘာ ၂၅

**အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာမြို့တွင် ဘူဂေးရီးယား စစ်ယာဉ်တန်းတစ်ခုအနီး တနင်္ဂနွေနေ့ က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ဘူဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘူဂေးရီးယားအစိုးရနှင့် ဘူဂေးရီးယားစစ်ဘက်အရာရှိများက ပြောကြားသည်။**

**သေဆုံး**

သေဆုံးသွားသည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်မှာ ကာဘာလာမြို့ဆေးရုံမှ ဘဂ္ဂဒက်ဆေးရုံသို့ ရွှေ့ပြောင်းကုသရန် သယ်ဆောင်စဉ် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခြင်းဖြစ်ကြောင်း၊ သေဆုံးသွားသည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်၏အမည်ကို မသိရသေးကြောင်း စစ်ဘက်ဆိုင်ရာ သတင်းတစ်ခုက ပြောကြားသည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ဖြန့်ချထား**

အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာမြို့တွင် တနင်္ဂနွေနေ့နံနက်က စစ်ယာဉ်တန်း တိုက်ခိုက်ခံရမှုကြောင့် ဘူဂေးရီးယားတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘူဂေးရီးယားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီနီတာတီဆိုနက်ဗ်က အတည်ပြုပြောကြားသည်။ အီရတ်နိုင်ငံအား ပြီးခဲ့သည့် ၂၀၀၃ခုနှစ် မတ်လကစတင်ပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် ဘူဂေးရီးယားတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးရပြီးဖြစ်သည်။ အီရတ်တွင် ယခုအချိန်အထိ ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၄၈၀ ဖြန့်ချထားလျက်ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**



**စီးနင်းရှာဖွေ**

ရာမာဒီမြို့တွင် အဆောက်အအုံတစ်ခုအတွင်းဝင်ရောက် စီးနင်းရှာဖွေမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# ဘာဆာရာ၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ လက်နက်ငယ်များဖြင့်ပစ်ခတ်ခံရ

ဘာဆာရာ အောက်တိုဘာ ၂၆

**အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့အနီးတွင် အသစ်ရောက်ရှိလာသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်စုမှာ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရကြောင်း၊ သေဆုံးဒဏ်ရာရမှုမရှိကြောင်း အဆိုပါဒေသရှိ ဗြိတိသျှစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။**

ဘာဆာရာသို့ အသစ်ရောက်ရှိလာသော ဗြိတိသျှတပ်ဖွဲ့ဝင်များမှာ ပုံမှန်ကင်းလှည့်နေစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း အမည်မဖော်လိုသော ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ရှာဖွေ**

သံချပ်ကာယာဉ်နှစ်စီးဖြင့် ကင်းလှည့်နေသည့် တပ်ဖွဲ့ဝင် ၁၀ဦးခန့်သည် ၎င်းတို့အား ခုခံတိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်စဉ်က လမ်းဘေးတစ်လျှောက် မိုင်းရှာဖွေနေကြခြင်းဖြစ်ကြောင်း ဖြစ်ပွားသည့်နေရာမှ မီတာ ၁၀၀ခန့်တွင် ရှိနေသော အီရတ်ရှေ့နေ ဝစ်ဆမ်အက်ဘ်ဒီးလ်အမာက ပြောကြားသည်။

**ပစ်ခတ်**

ဗြိတိသျှတပ်ဖွဲ့ဝင်များက ပြန်လည် တုံ့ပြန်ပစ်ခတ်ခဲ့ကြကြောင်း အဆိုပါတိုက်ခိုက်မှုကြောင့် ဘာဆာရာ၏ တောင်ဘက်ရှိ ၎င်း၏ရုံးသို့သွားနေရာမှ ရပ်ဆိုင်းခဲ့သော အသက်(၂၈)နှစ်ရှိ ရှေ့နေ အမာက ပြောကြားသည်။

**တာဝန်ယူ**

အဆိုပါတပ်ဖွဲ့ဝင်များသည် သံချပ်ကာတပ်မဟာ (၄)မှဖြစ်ပြီး အီရတ်တွင် ခြောက်လတာဝန်ကျပြီးနောက် အောက်တိုဘာလကုန်၌ နေရင်းသို့ ပြန်ကြမည့် ယန္တရားတပ်မဟာ (၁) ဗြိတိသျှတပ်ဖွဲ့ဝင် ၃၅၀၀ခန့်နှင့် လွှဲပြောင်းတာဝန်ယူမည့်သူများဖြစ်သည်။ ၎င်းတို့ ဤနေရာ၌ ကြာမြင့်စွာ နေနိုင်မည်မဟုတ်ကြောင်း ၎င်းတို့ နေရာရွှေ့ပြောင်းမည့်ရက် အတိအကျကို မပြောနိုင်သည့် စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ပိတ်ဆို့**

အီရတ်ရှိ အရေးကြီးသော တောင်ပိုင်းပြည်နယ်လေးခုတွင် နိုင်ငံစုံတပ်ဖွဲ့များကို ဦးဆောင်လျက်ရှိသည့် ဗြိတိသျှ တပ်ဖွဲ့ဝင် ၈၅၀၀သည် လွန်ခဲ့သည့် သီတင်းနှစ်ပတ်က မီဒီယာများ၏ လုံခြုံရေးအတွက် အဆိုပါပြည်နယ်များကို ပိတ်ဆို့ထားခဲ့သည်။

**(အင်တာနက်)**

## မြန်မာ့အလင်း
## နိုင်ငံတကာ သတင်းများ

# အကျဉ်းသားများအား စစ်ဆေးမေးမြန်းရန် အီရတ်ပြင်ပသို့ စီအိုင်အေခေါ်ထုတ်ခဲ့

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

**အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)၏ မေတ္တာရပ်ခံချက်အရ အကျဉ်းသားများကို စစ်ဆေးမေးမြန်းရန်အတွက် အီရတ်နိုင်ငံ၏ ပြင်ပသို့ လွှဲပြောင်းပေးရန် အေဂျင်စီကို အာဏာပေးထားသည့် လျှို့ဝှက်မှတ်တမ်းကို တရားရေးဌာနက မူကြမ်းရေးဆွဲခဲ့သည်။**

ထိုလုပ်ဆောင်ချက်သည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် ဆန့်ကျင်ရာရောက်ကြောင်း နိုင်ငံတကာဆိုင်ရာ ဥပဒေကျွမ်းကျင်ပညာရှင်များက ပြောကြားခဲ့ကြသည်။စီအိုင်အေသည် မတ်လက ရေးဆွဲခဲ့သော လျှို့ဝှက်မှတ်တမ်း မူကြမ်းကို လွန်ခဲ့သည့်ခြောက်လအတွင်း၌ အသုံးချခဲ့ပြီး အကျဉ်းသားတစ်ဒါဇင်ကို အီရတ်နိုင်ငံပြင်ပသို့ လျှို့ဝှက်ရွှေ့ပြောင်းပေးခဲ့ကြောင်း ထောက်လှမ်းရေး အရာရှိတစ်ဦးက ပြောကြားသည်။

**ဖုံးကွယ်**

အေဂျင်စီသည် နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီနှင့်အခြား အာဏာပိုင်များအား အကျဉ်းသားများ ရွှေ့ပြောင်းသည့်ကိစ္စ ဖုံးကွယ်ခဲ့ကြောင်း ၎င်းအရာရှိက ပြောကြားသည်။

ယင်းလျှို့ဝှက်မှတ်တမ်း မူကြမ်းကို တရားရေးဌာန၏ ဥပဒေကောင်စီရုံးက ၂၀၀၄ခုနှစ် မတ်လ ၁၉ရက်၌ ရေးဆွဲခဲ့ပြီး အီရတ်တွင်ရှိသော အီရတ်နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို ရည်ညွှန်းခဲ့သည်။ အဆိုပါ လျှို့ဝှက်မှတ်တမ်းမူကြမ်းက စီအိုင်အေအား အကျဉ်းသားများကို အီရတ်နိုင်ငံ၏ ပြင်ပသို့ ခေတ္တ ခဏခေါ်ထုတ်စစ်ခွင့်ပေးသည်ဆိုသော်လည်း အချိန်ကာလ အပိုင်းအခြားသည် တိကျမှုမရှိဘဲရှိသည်။ **(အင်တာနက်)**



**ဘဂ္ဂဒက်လေဆိပ်သို့သွားသည့်လမ်းပေါ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်နေသည်ကို အောက်တိုဘာ ၂၃ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# အီရတ်မြောက်ပိုင်းဘေဂျီမြို့အနီး ရေနံပိုက်လိုင်း
# ဖောက်ခွဲတိုက်ခိုက်ခံရ၍ မီးလောင်

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

**အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဘေဂျီမြို့အနီးရေနံပိုက်လိုင်းတစ်ခုကို အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် ပေါက်ကွဲမီးလောင်လျက်ရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

**ဆက်သွယ်ထား**

**အဆိုပါရေနံပိုက်လိုင်းကို ဖောက်ခွဲတိုက်ခိုက်မှုမှာ တနင်္လာနေ့ကဖြစ်ပြီး ယခုအချိန်အထိ မီးလောင်မှုဖြစ်ပွားကာ မီးမငြိမ်းသတ်နိုင်သေးကြောင်းလည်း ပြောကြားသည်။ ဖောက်ခွဲတိုက်ခိုက်ခံရသည့်ရေနံပိုက်လိုင်းမှာ ဘေဂျီမှတူရကီ သို့ဆက်သွယ်ထားသည့် ရေနံတင်ပို့ပေးနေသော အဓိကရေနံပိုက်လိုင်းတစ်ခု လည်းဖြစ်သည်။**

**ရည်ရွယ်**

**ယင်းရေနံပိုက်လိုင်းသည် တစ်နေ့လျှင် ရေနံစည်၃၅၀၀၀၀ကို တင်ပို့ပေးနိုင်သည့်ပိုက်လိုင်းဖြစ်ပြီး အီရတ် ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်တို့၏ အီရတ်နိုင်ငံနှင့်ပတ်သက်သော ပြန်လည်တည်ဆောက်ရေး အစီအစဉ်များ ပျက်ပြားနှောင့်နှေးစေရန် ရည်ရွယ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။**

**တိုက်ခိုက်**

**အီရတ်နိုင်ငံမှ ပြည်ပသို့တင်ပို့နေသော ရေနံပိုက်လိုင်းများကို အီရတ် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက မကြာခဏဖောက်ခွဲတိုက်ခိုက်လျက်ရှိသည်။** (အင်တာနက်)

● ရှေ့ဖုံးမှ

သတင်းစာ ရှင်းလင်းပွဲတွင် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို နှစ်ပေါင်းများစွာ တာဝန်ယူလုပ်ကိုင်ခဲ့သည့် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူးမြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးခင်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ပြပွဲအတွင်းရေးမှူး ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်ဦးက မြန်မာ့ကျောက်မျက် ရတနာပြပွဲတစ်နှစ်ထက်တစ်နှစ်တစ်ကြိမ်ထက်တစ်ကြိမ်ပိုမိုအောင်မြင်လာကြောင်း၊ ရောင်းချသူပြည်တွင်းရတနာကုန်သည်များ တင်ပြရောင်းချမှုပိုမိုများပြားလာသလို နိုင်ငံခြားမှလာရောက်သော ရတနာကုန်သည်များလည်း ပိုမိုများပြားလာကြောင်း၊ ၂၀၀၄ခုနှစ် နှစ်လယ် ကျောက်မျက်ရတနာပြပွဲကို ဟောင်ကောင်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံမှရတနာကုန်သည်များလေယာဉ်စင်းလုံးပြည့်ဖြင့် ယမန်နေ့ကရောက်ရှိလာကြောင်း။

## အဓိကထား

၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲတွင်အရည်အသွေးကောင်းသော ကျောက်စိမ်းများကို အဓိကထား ရောင်းချသွားမည်ဖြစ်ကြောင်း၊ ယခင်ပြပွဲများ၌ ကျောက်စိမ်းတွဲ ၁၂၀၀ ခန့်သာ ပြသရောင်းချ ခဲ့ရာမှ ယခု ကျောက်စိမ်းတွဲ ၁၅၀၀ ကျော်အထိ ရောင်းချပြသသွားမည်ဖြစ်ကြောင်း၊ ရောင်းချရသည့် တိုင်းရင်းသားရတနာ ကုန်သည်များ အနေဖြင့်လည်း ရောင်းချရသည့် နိုင်ငံခြားငွေဖြင့် လောင်စာဆီ၊ တူးဖော်သည့်စက် ယန္တရားနှင့် အခြားလိုအပ်ချက်များကို ဝယ်ယူခွင့်ရရှိ၍ လုပ်ငန်းအတွက်လည်း အဆင်ပြေစိတ်ချမ်းသာမှုရရှိကြောင်း ပြောပြသည်။

Mogok Pride ကျောက်မျက်လုပ်ငန်းကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးစံမျိုးကိုတွေ့ဆုံမေးမြန်းခွင့်ရရှိရာ



**မြန်မာ့ကျောက်မျက်ရတနာပြပွဲ တစ်နှစ်ထက်တစ်နှစ် တစ်ပွဲထက်တစ်ပွဲ ပိုမိုအောင်မြင်မှုများ ရရှိနေပါတယ်။ ၂၀၀၄ ခုနှစ် နှစ်လယ် ကျောက်မျက်ရတနာတွင် ကျောက်စိမ်းအရည်အသွေးကောင်းများ အဓိကထား ပြသထားပါတယ်။**
(ဦးခင်ဦး–ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)

ဦးစံမျိုးက "မြန်မာနိုင်ငံတွင် တန်ဖိုးရှိသည့် ကျောက်မျက်ရတနာများ ထွက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့၍ ကျောက်မျက်ရတနာပြပွဲများပြုလုပ်ပေးသဖြင့် အကျိုးများကြောင်း၊ မြန်မာ့ကျောက်မျက်တန်ဖိုးရှိစွာ အနုပညာလက်ရာဖြင့် ကျောက်စိပန်းချီများလုပ်ကိုင်ရောင်းချပေးရာ နိုင်ငံတကာရတနာကုန်သည်များက စိတ်ဝင်စားနှစ်သက်အဝယ်လိုက်ကြောင်း၊ ယခုနှစ်ပြပွဲတွင် စေတီပုထိုးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုများ၊ ရှုခင်းများကို ကျောက်ပန်းချီကား ၃၀ခန့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

ထို့နောက် သတ္တုတွင်းဘူမိဗေဒ ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဘူမိဗေဒဘာသာရပ်ယူပြီး ကျောက်မျက်ရတနာလုပ်ငန်းကို လုပ်ကိုင်နေသူ ရွှေမိတ်ရတနာကုမ္ပဏီ ဒါရိုက်တာဦးခင်မောင်ဌေးကို ထပ်မံတွေ့ဆုံမေးမြန်းရာ ဦးခင်မောင်ဌေးက "မြန်မာနိုင်ငံသည် ရေမြေသယံဇာတပေါကြွယ်ဝသကဲ့သို့ တန်ဖိုးရှိသည့် ရတနာအမျိုးအပြားထွက်ရှိကြောင်း၊ ရတနာအမျိုးအပြားနှင့် အစုံအလင်ထွက်ရှိရာ မြန်မာနိုင်ငံသည် ကမ္ဘာ့ကျောက်မျက်ဈေးကွက် ဖြစ်ရန်လိုကြောင်း။

## ကောင်းမွန်

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက တစ်နှစ်တစ်ကြိမ်ကျင်းပရာက နှစ်ကြိမ်ကျင်းပခဲ့ပြီး အထူးပြပွဲထပ်မံကျင်းပခဲ့သဖြင့် တစ်နှစ်သုံးကြိမ်ကျင်းပလာနိုင်သည်မှာ အလွန်ကောင်းမွန်ကြောင်း၊ ကမ္ဘာ့ရတနာကုန်သည်များက အလွန်စိတ်ဝင်စားပြီး မြန်မာ့ကျောက်မျက်ရတနာများလွယ်လွယ်ကူကူဖြင့်ဝယ်ချင်သည့်အချိန် ဝယ်ယူရရှိသည့်ဈေးကွက်ကို ဖန်တီးလုပ်ကိုင်သွားရန်လိုကြောင်း" ပြောကြားသည်။

## ရောင်းချမည်

အောက်တိုဘာ ၂၇ ရက်မှ ၂၉ ရက်အထိ နိုင်ငံတကာကုန်သည်များသည် ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲရတနာများကိုကြည့်ရှုစစ်ဆေးပြီး အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်တွင် ကျောက်စိမ်းများကိုတင်ဒါစနစ်၊ ဈေးပြိုင်စနစ်၊ နိုဝင်ဘာ ၂ရက်နှင့် ၃ရက်တွင် ကျောက်မျက်များကို တင်ဒါစနစ်၊ဈေးပြိုင်စနစ်၊ နိုဝင်ဘာ ၄ရက်တွင် ပုလဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

၂၀၀၄ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် Lot No.၁၄၅၁ သုံးတုံးတွဲ ကျောက်စိမ်းသည်ယူရိုငွေ ၁၈၁၀၀၀၀ တန်ဖိုးရှိကာဈေးအမြင့်ဆုံးဖြစ်သည်။ ကီလိုဂရမ် ၂၁၀ လေးပြီး ကချင်ပြည်နယ် ဖားကန့်မြို့နယ် မမုံဒေသက လွန်ခဲ့သည့် ငါးလက တူးဖော်ရရှိခဲ့သည်။

ကျောက်မျက်တွင် မိုးကုတ်ဒေသက ထွက်ရှိသည့် ၈ဒသမ ၄၅ ကရက်ရှိ Lot No. ၉၅ ပတ္တမြားဂေါ်ကြီးသည် ယူရိုငွေ ၅၀၀၀၀ တန်ဖိုးရှိကာ ဈေးအကြီး ဆုံးဖြစ်သည်။



**မြန်မာနိုင်ငံသည် တန်ဖိုးရှိသည့် ကျောက်မျက်ရတနာ အများအပြား ထွက်ရှိသည့်နိုင်ငံဖြစ်၍ နိုင်ငံတကာ ရတနာကုန်သည်များ စိတ်ဝင်စားသော ကျောက်မျက်ဈေးကွက် ဖြစ်သင့်ပါတယ်။**
(ဦးခင်မောင်ဌေး–ဒါရိုက်တာ၊ ရွှေမိတ်ကျောက်မျက်ရတနာရောင်းဝယ်ရေးကုမ္ပဏီ)

ပြသထားသော စိန်တွင် Lot No. 107 သည် ယူရိုငွေ တန်ဖိုး ၁၆၂၀၀၀ ရှိ၍ ဈေးအမြင့်ဆုံးဖြစ်ပြီး တစ်ပွင့်တည်းဖြစ်သည်။၁၉ ဒသမ ၈၀ ကရက် အလေးချိန်ရှိသည်။ ပုလဲတွင် Lot No. 266 သည် ယူရိုငွေတန်ဖိုး ၂၀၃၀၀ ရှိ၍ ဈေးအမြင့်ဆုံးဖြစ်သည်။ လုံးဝန်းသော ရွှေဝါရင့်ရောင်များဖြစ်ပြီး အလုံးပေါင်း ၁၁၈လုံးပါဝင်သည့် ပုလဲကျွန်းမွေးမြူရေးစခန်းက ထွက်ရှိသည်။

# ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲစတင်ကျင်းပ အရည်အသွေးကောင်းကျောက်စိမ်းအတွဲများပိုမိုတင်ပြရောင်းချမည် ပြည်တွင်း၊ ပြည်ပသတင်းစာဆရာများအားရှင်းလင်းပြောကြား

ရန်ကုန် အောက်တိုဘာ ၂၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက် ၉နာရီမှ စတင်၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဖွင့်လှစ်ပြသရာ မွန်းတည့် ၁၂နာရီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့်သတင်းဖြန့်ချိရေး ကော်မတီဝင်များဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ကျိုဒိုသတင်းထောက် ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယကဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် နိုင်ငံခြားသတင်းထောက်များ တက်ရောက်ကြသည်။**



**၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း ခေါင်းဆောင်သော ပြည်တွင်း၊ ပြည်ပမှ သတင်းစာဆရာများ ကြည့်ရှုလေ့လာကြစဉ်။(မြန်မာ့အလင်း)**

## ရှင်းလင်းပြသ

အဆိုပါအဖွဲ့ဝင်များအား နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြပြီး မြန်မာ့ကျောက်မျက် ရတနာခန်းမမြေညီထပ်၌ ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှထုတ်လုပ်သည့်ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်းအချောထည်များ၊ လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တု၊ ရုပ်ထွင်းများကိုလည်းကောင်း၊ ပုဂ္ဂလိက ရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီဆိုင်များကိုလည်းကောင်း၊ ခန်းမအဆောက်အအုံ ဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း အရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်အရိုင်းတုံးများနှင့် ထည်လုံးစိမ်း ကျောက်စိမ်းအရိုင်းတုံးများကိုလည်းကောင်း၊ ခန်းမအပေါ်ဆုံးထပ်၌ ခင်းကျင်း ပြသထားသော ဈေးပြိုင်ရောင်းချမည့် ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကိုလည်းကောင်း လိုက်လံ ရှင်းလင်းပြသကြသည်။

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ၂၀၀၄ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဗဟိုကော်မတီဝင်များက ပြပွဲခင်းကျင်းပြသရောင်းချရေးနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပသတင်းစာဆရာများအား သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

## တင်ပြရောင်းချမည်

ရှေးဦးစွာ ၂၀၀၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရှင်းလင်းပြောကြားရာတွင် ယခုနှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲ၌ အရေအတွက်နှင့်အရည်အသွေးကောင်းမွန်သော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများကို တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း။

ယခုနှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ အများစုသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ရတနာကုန်သည် စုစုပေါင်း၅၀၀ကျော်နှင့် ပြည်တွင်းမှ ရတနာကုန်သည် ၃၀၀ခန့် တက်ရောက်ကြမည်ဟု ခန့်မှန်းထားကြောင်း။

ယခု နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းရိုင်း အတွဲပေါင်း ၁၅၈၈ တွဲ၊အခြေခံရောင်းဈေးယူရိုငွေ ၁၃ ဒသမ ၃၅ သန်းဖိုး ရောင်းချမည်ဖြစ်ကြောင်း၊ ထို့အပြင် ပုံသေဈေးနှုန်း နှင့်သတ်မှတ်ထားသည့် ကျောက်စိမ်းအချောထည် ၈၂၀၂ ခု တန်ဖိုးယူရိုငွေ ၀ ဒသမ ၀၉ သန်းဖိုး တင်ပြရောင်းချမည်ဖြစ်ကြောင်း။

## ကျောက်စိမ်းအရိုင်းတွဲ

ကျောက်စိမ်းရိုင်းများကိုအကျိုးတူဖက်စပ်လုပ်ငန်းမှ ကျောက်စိမ်းရိုင်း အတွဲပေါင်း ၉၄ တွဲ အခြေခံဈေးယူရိုငွေ ၃ဒသမ၂၉ သန်းဖိုးကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကျောက်စိမ်းရိုင်း တွဲပေါင်း ၇၉တွဲ အခြေခံဈေး ယူရိုငွေ ၀ဒသမ ၈၉ သန်းဖိုးကိုလည်းကောင်း၊ ကုမ္ပဏီ၊ အသင်း၊ ပုဂ္ဂလိကများမှ ကျောက်စိမ်းရိုင်း အတွဲပေါင်း ၁၄၁၅ တွဲကို အခြေခံရောင်းဈေး ယူရိုငွေ ၉ ဒသမ ၁၇ သန်းတန်ဖိုးထားပြီး ရောင်းချသွားမည်ဖြစ်ကြောင်း။

ယခုနှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောင်းစိမ်းအတွဲပေါင်း ၁၅၈၈ တွဲ၊ တန်ဖိုးအားဖြင့် ယူရိုငွေ ၁၃ ဒသမ ၃၅ သန်းဖိုး တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း။

## ကျောက်မျက်နှင့်လက်ဝတ်ရတနာ

ယခု နှစ်လယ်ရတနာပြပွဲတွင် အခြေခံဈေး ယူရိုငွေ ၈ဒသမ၆ သန်းကျော်ရှိ ကျောက်မျက်အတွဲပေါင်း ၃၀၀နှင့် တန်ဖိုးယူရိုငွေ ၈၀၆၃၅၄ ရှိ လက်ဝတ်ရတနာနှင့် ငွေထည်ပစ္စည်းမျိုးစုံ ၁၁၆၁ ခု စုစုပေါင်း တန်ဖိုးယူရိုငွေ ၉ဒသမ၄၀ သန်းကျော်ရှိ ကျောက်မျက်နှင့်လက်ဝတ် ရတနာ၊ ငွေထည် ပစ္စည်းများကို တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း။

ယခု နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲရောင်းချမှုကို ယူရိုငွေ ၅၁၁၇၀၀ တန်ဖိုးရှိ ပုလဲတွဲ ၁၉၆ တွဲ ပုလဲလုံးရေ ၁၁၆၄၁လုံး အလေးချိန် ၅၈၅၆ ဒသမ ၄၅ မိုမီကို တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ယူရိုငွေ ၅၁၆၀၀၀ တန်ဖိုးရှိ ပုလဲအတွဲ ၇၀ လုံးရေ ၃၈၉၂ လုံး အလေးချိန် ၂၂၈၆ ဒသမ ၃ မိုမီကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့်သတင်းဖြန့်ချိရေး ကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မိတ်ဆက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များကပြန်လည်ဖြေကြားကြသည်။

ယင်းနောက် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ကြည့်ရှုလေ့လာ

*(no heading)*

နှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲသို့အိန္ဒိယ၊အီတလီ၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ယူနိုက်တက်ကင်ဒမ်၊ အမေရိကန်ပြည်ထောင်စုတို့မှ ရတနာကုန်သည် ၅၀၀ ခန့် လာရောက်မည်ဟု ခန့်မှန်းထားပြီး ပြည်တွင်းမှ ရတနာကုန်သည် ၃၀၀ ကျော်တို့ တက်ရောက်ကြမည်ဟု ဆိုသည်။

## ပိုမိုစိတ်ဝင်စား

တန်ဖိုးများသည့် ကျောက်မျက်ရတနာများစွာ ထွက်ရှိသည့် မြန်မာနိုင်ငံတွင် တစ်နှစ်ထက် တစ်နှစ် ကျောက်မျက်ရတနာ ပြပွဲများ ပိုမိုတိုးချဲ့ ကျင်းပနိုင်ခဲ့ရာ မြန်မာ့ကျောက်မျက်ရတနာ ဈေးကွက်သည် ကမ္ဘာ့ရတနာကုန်သည်များအတွက် တစ်နေ့ထက်တစ်နေ့ ပိုမိုစိတ်ဝင်စားစရာ ဖြစ်လာတော့သည်။ ။

**(မြန်မာ့အလင်း)**

## သာယာမည်

**မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။**

## အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

ပဲခူးမြို့ အထက(၃) ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာပထမပတ်တွင် အထက(၃)ပဲခူး၌ ကျင်းပမည်။ အငြိမ်းစားယူခဲ့ကြသော ဆရာဆရာမကြီး ၇၈ ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဦးမြင့်ဦး ဖုန်း–၀၅၂–၂၄၁၉၁၊ ဦးဝင်းမောင် ဖုန်း–၀၅၂–၂၃၇၃၃၊ ဦးကျင်သိန်း ဖုန်း–၀၅၂–၂၃၈၃၈၊ ဒေါ်တင်နွယ်ဦး ဖုန်း–၀၅၂–၂၁၁၉၅၊ ဦးကျော်စိုးမြင့် ဖုန်း–၀၁–၃၇၀၆၀၁၊ ၀၁–၃၇၀၆၀၃၊ ဦးကိုကိုအောင် ဖုန်း–၀၉၅၀–၂၀၆၀၁၊ ၀၁–၇၀၄၂၀၈၊ ဒေါက်တာမိမိထွန်း ဖုန်း–၀၉၅၀–၀၀၇၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကျင်းပမည့်ရက် ထပ်မံကြေညာမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ၁၄ ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များ စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပ



ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် အိုးစည်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်အောင်ဆန်းမင်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၇

**မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးတို့ကို မွန်မြတ်သောရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ၁၄ ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အနုပညာရှင်များသည် ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးသူ ပြည်သူများကလည်း ပြိုင်ပွဲများကျင်းပရာသို့ တစ်ခဲနက်လာရောက်နားသောတဆင် ကြည့်ရှုအားပေးကြသည်။**

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဓာတ်ရုံ၌လည်းကောင်း၊ ဂီတာအတီးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇ ဓာတ်ရုံ၌လည်းကောင်း၊ အိုးစည် အတီးပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မ ကျောင်းလမ်းရှိ အမျိုးသား ဓာတ်ရုံ၌လည်းကောင်း အသီးသီး ကျင်းပကြသည်။

## ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့်ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၊ ဂီတာအတီးပြိုင်ပွဲနှင့် အိုးစည် အတီးပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဒုတိယ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်း၊ ပြိုင်ပွဲကျင်းပရေး ဆပ် ကော်မတီဥက္ကဋ္ဌ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ၊ စာပေ နှင့် ဂီတပညာရှင်ကြီးများ၊ မြန်မာ့ ရိုးရာ ယဉ်ကျေးမှု အနုသုခုမပညာကို လေးစားချစ်ခင် မြတ်နိုးကြသော ပြည်သူများအပြင်ကမ္ဘာလှည့်ခရီးသည် များလည်း လာရောက်နားသောတဆင် ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်များ ၏ယှဉ်ပြိုင်မှုကိုရုပ်ငြိမ်၊ရုပ်မြင်ကင်မရာ များဖြင့်လည်း မှတ်တမ်းတင်ကြသည်။

## အဆိုပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ အဆိုအကဲ ဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား လက်ထောက် ညွှန်ကြားရေးမှူး(ဂီတ)ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင် နီယာ ဒေါ်မေပြုံးခိုင်နှင့်အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(အမျိုးသား)မဟာဂီတအဆိုပြိုင်ပွဲကိုကျင်းပရာ **'မဏိကဉ္စနာ(ပတ်ပျိုး)'** သီချင်းဖြင့် မွန်ပြည်နယ်မှ မောင်မျိုးဆန်း၊ မကွေးတိုင်းမှ ဦးသန်းမြင့်၊ ကချင်ပြည်နယ်မှ ဦးတင်ကိုကိုလွင်၊ မန္တလေး တိုင်းမှ ဦးပြေဌေး၊ ပဲခူးတိုင်းမှ ဦးနေ အောင်၊ ဧရာဝတီတိုင်းမှ ဦးထိန်လင်း၊ ရန်ကုန်တိုင်းမှဦးတင်ဦးလှိုင်နှင့် ဦးစော ဝင်း၊ ကယားပြည်နယ်မှ ဦးရာဇာမင်း၊ ရှမ်းပြည်နယ်မှ ဦးတင်ဝင်း၊ မန္တလေး တိုင်းမှ ဦးရဲသွေး(ခ)ဗိုလ်ထူးနှင့် ရခိုင် ပြည်နယ်မှ ဦးစန်းလွင်တို့ သီဆိုပြိုင်ပွဲ ဝင်ကြပြီး မွန်းလွဲ ၁၂နာရီခွဲတွင် ပြိုင်ပွဲ ကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး)မဟာ ဂီတအဆိုပြိုင်ပွဲကို မွန်းလွဲ၁နာရီခွဲတွင် ဆက်လက်ကျင်းပရာ**'ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ (ကြိုး)'** သီချင်းဖြင့် ကရင်ပြည်နယ်မှ မသဲနုအေး၊ မန္တလေး တိုင်းမှ မရွှေရည်ဦး၊ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ ရှမ်းပြည်နယ်မှ မဝုန်ရှုန်းမန်၊ မန္တလေးတိုင်းမှ မထက် ထက်လှိုင်၊ ရန်ကုန်တိုင်းမှ မသူဇာလှိုင်၊ ဧရာဝတီတိုင်းမှ မရတနာနိုင်၊ မွန်ပြည် နယ်မှ မယမင်းလှိုင်၊ ရခိုင်ပြည်နယ်မှ မခိုင်ခန့်ကြည်၊ တနင်္သာရီတိုင်းမှ မဖူး မြတ်ပွင့်စံ၊ မကွေးတိုင်းမှ မငြိမ်းချမ်း မေ၊စစ်ကိုင်းတိုင်းမှမလလယ်လယ်လဝန်း၊ ကချင်ပြည်နယ်မှ မကြည်ကြည်သာ နှင့် ပဲခူးတိုင်းမှ မမုတ်သုန်ငယ်ငယ် စိုးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ၁၄ ရက် မြောက်နေ့ အဆိုပြိုင်ပွဲ အစီအစဉ်များ ကို ညနေ ၃နာရီ ၁၀မိနစ်တွင်ရပ်နား လိုက်သည်။

အောက်တိုဘာ ၂၈ ရက် (သီတင်း ကျွတ်လပြည့်နေ့) နံနက်ပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် ဝါသနာ ရှင်အဆင့် ခေတ်ဟောင်း/ကာလပေါ် တေး အဆိုပြိုင်ပွဲတို့ကို အမျိုးသား ပြတိုက် ဘက်စုံခန်းမ၌ ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။

## ဂီတာအတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဂီတာအတီးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဓာတ်ရုံ၌ နံနက် ၉နာရီတွင် ကျင်းပရာ အခြေခံ ပညာအဆင့် အသက် (၅-၁၀) နှစ် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင် **'သာယာ(ကြိုး)'** သီချင်းဖြင့် ရန်ကုန် တိုင်းမှ မောင်ထက်ကိုကိုလင်း၊ ကချင် ပြည်နယ်မှမောင်ဖြိုးမင်းဇော်၊ပဲခူးတိုင်းမှ မောင်နန်းတိမ်ယံထွန်းနှင့်မောင်ဘုန်း လကျ်ာတို့ ပါဝင်ယှဉ်ပြိုင်တီးခတ်ကြ သည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး)ဂီတာ အတီးပြိုင်ပွဲကိုကျင်းပရာ **'ရွှေပန္နက် (ကာလပေါ်)'** သီချင်းဖြင့် ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်းနှင့် ရန်ကုန်တိုင်းမှ မပန်း မိမိတို့ပါဝင်ယှဉ်ပြိုင်တီးခတ်ကြသည်။

ဆက်လက်၍ဝါသနာရှင် အဆင့် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲကို ကျင်းပရာ **'ပန်းဟောဝန် (ယိုးဒယား)'** သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးသိန်းနိုင်၊



**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဝါသနာရှင် (အမျိုးသား)မဟာ ဂီတ အဆိုပြိုင်ပွဲ တွင် ပဲခူးတိုင်းမှ ဦးနေအောင် ယှဉ် ပြိုင်နေစဉ်။**
**ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)**

မကွေးတိုင်းမှ ဦးစိုးမြင့်၊ ကရင်ပြည် နယ်မှ မြိုင်ကြီးငူစောစံအေး၊ စစ်ကိုင်း တိုင်းမှ ဦးသိန်းဝင်း၊ ကချင်ပြည်နယ်မှ ဦးလှမြင့်၊ ဧရာဝတီတိုင်းမှ ဦးရဲမြင့်၊ ရှမ်းပြည်နယ်မှ ဦးမျိုးမြင့်၊ တနင်္သာရီ တိုင်းမှ ဦးတင်ထွန်း၊ မန္တလေးတိုင်းမှ ဦးတင်ထွေး၊ ကယားပြည်နယ်မှ ဦးငွေ ထွန်း၊ ရန်ကုန်တိုင်းမှ ဦးမြင့်ကြည်၊ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်၊ ချင်း ပြည်နယ်မှ ဦးကိုကိုညွန့်မင်းရွှေနှင့် မွန်ပြည်နယ်မှ ဦးမင်းမင်းဦးတို့ ပါဝင် ယှဉ်ပြိုင်တီးခတ်ကြသည်။

ဂီတာအတီးပြိုင်ပွဲကို အတီးအကဲ ဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဂီတလုလင် ဦးကိုကိုနှင့်အဖွဲ့ဝင်များက ကြီးကြပ် ၍ အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၈ ရက်တွင် ကမ္ဘောဇဓာတ်ရုံ၌ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ်(အမျိုးသမီး)နှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

## ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီး ပြိုင်ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်း မြို့နယ်ဗားကရာလမ်းရှိပဒုမ္မာဓာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ်(အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် **'တေဇာ အာဏာထန်ပြင်း (ကြိုး)'**သီချင်းဖြင့် မကွေးတိုင်းမှမောင်ဝဏ္ဏလင်း၊ ကယား ပြည်နယ်မှမောင်ဝေယံထွန်း၊ မန္တလေး တိုင်းမှမောင်သန်းနိုင်၊ ရန်ကုန်တိုင်းမှ နတလဗိုလ်ရှိုင်း(ခ)တင်ထက်ပိုင်လင်း၊ ပဲခူးတိုင်းမှမောင်စိုးသီဟ၊ မန္တလေး တိုင်းမှမောင်ရန်ပိုင်၊ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းပိုင်၊ ရန်ကုန်တိုင်းမှ မောင်ထက်အာကာ၊ ကရင်ပြည်နယ်မှ မောင်ဝင်းထွန်း၊ ရခိုင်ပြည်နယ်မှ မောင် အောင်ဇော်မင်း၊ ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုးနှင့်စစ်ကိုင်းတိုင်း မှမောင်သိန်းဘိုဘိုတို့ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကိုမွန်းလွဲ ၁၂နာရီ ၁၀မိနစ်တွင် ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား)ဆိုင်း တစ်ဦးချင်းပြိုင်ပွဲကို မွန်းလွဲ ၁ နာရီ တွင် ဆက်လက်ကျင်းပရာ **'ထွေတ လာ(ကြိုး)'**သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်သန်းဇော်၊ ရန်ကုန်တိုင်းမှ မောင် ဇော်ဝင်းနိုင်၊ ဧရာဝတီတိုင်းမှ မောင် ကျော်ထက်၊ ရန်ကုန်တိုင်းမှ မောင် ရှိုင်းဗိုလ်ဗိုလ်ဦး၊ စစ်ကိုင်းတိုင်းမှ မောင် ကျော်သဲအောင်၊ မကွေးတိုင်းမှ မောင် ရဲရင့်သူ၊ မန္တလေးတိုင်းမှ မောင်စိန် ဘိုထွား၊ ရခိုင်ပြည်နယ်မှ မောင်ကိုကို နိုင်နှင့် ပဲခူးတိုင်းမှ မောင်နန်းဦးထက် တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ကျင်းပသည့် အခြေခံပညာ အဆင့် အသက် (၁၀-၁၅)နှစ် (အမျိုး သား) ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၅-၁၀) နှစ်(အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင် ပွဲတို့ကို ဗဟိုအကဲဖြတ်အဖွဲ့ခေါင်း ဆောင် ဦးစိန်လှမြိုင်နှင့် အဖွဲ့ဝင်များ က ကြီးကြပ်၍ အမှတ်ပေးကြသည်။

အောက်တိုဘာ၂၈ရက် နံနက်ပိုင်း တွင် ဝါသနာရှင်အဆင့် ဒိုးပတ်ပြိုင်ပွဲ နှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာ အဆင့် အသက်(၁၀-၁၅)နှစ် ဒိုးပတ် အတီးပြိုင်ပွဲများကို ပဒုမ္မာဓာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## အိုးစည်အတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အိုးစည်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် မြို့မ ကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ဆက်လက်ကျင်းပရာ အိုးစည်အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အိုးစည်အတီး အကဲ ဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ် ၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် အိုး စည်အတီးပြိုင်ပွဲကို ကျင်းပရာ မွန် ပြည်နယ်မှ ဦးမျိုးကျော်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်အောင်ဆန်းမင်း (ခ)အောင်ပန်းနှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ဦးဇင်မင်းလတ်နှင့်အဖွဲ့၊ မန္တလေး တိုင်းမှ မောင်ဟိန်းထက်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ချစ်ကျော်ကျော် နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်သူ နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သက် နိုင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇေ ယျာထွန်းဝေနှင့်အဖွဲ့တို့ ပါဝင်ပြိုင်ပွဲ ဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အိုးစည်အတီး ပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက် လက်ကျင်းပရာ မန္တလေးတိုင်းမှ မောင် ကျော်ထက်ထက်နှင့် အဖွဲ့၊ ရန်ကုန် တိုင်းမှ မောင်ဖြိုးဦးလှိုင်နှင့်အဖွဲ့၊ ဧရာ ဝတီတိုင်းမှ မောင်ဇင်မျိုးထက်နှင့် အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်အောင် ဇော်မျိုးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင် ဘုန်းမြင့်မော်နှင့်အဖွဲ့၊ မန္တလေးတိုင်း မှ မောင်မင်းဟိန်းထက်နှင့်အဖွဲ့တို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

အောက်တိုဘာ ၂၈ ရက် နံနက် ပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ်(အမျိုးသား၊ အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင်အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး) မယ်ဒလင် အတီးပြိုင်ပွဲကိုလည်းကောင်း အမျိုး သား ဓာတ်ရုံ၌ ဆက်လက်ကျင်းပ သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဓာတ်ရုံ) | (ကမ္ဘောဇဓာတ်ရုံ) | (ပဒုမ္မာဓာတ်ရုံ) |
|---|---|---|---|---|---|
| **စဉ်** | **ရက်စွဲ** | **အဆို** | **အတီး** | **အတီး** | **အတီး** |
| ၁၅။ | ၂၈-၁၀-၂၀၀၄<br>(ကြာသပတေးနေ့) | **ဓမ္မပူဇာတေး**(နံနက်)<br>(၁) အခြေခံ(၁၅-၂၀)(မ)<br>**ခေတ်ဟောင်း/ကာလပေါ်**<br>(နေ့လယ်)<br>(၂) ဝါသနာရှင်(ကျား) | **မယ်ဒလင်**<br>(၁) အခြေခံ(၁၀-၁၅)<br>(ကျား+မ)(နံနက်)<br>(၂) အဆင့်မြင့်(ကျား+မ)<br>(နေ့လယ်) | **ပတ္တလား**<br>(၁) အခြေခံ(၁၀-၁၅)(မ)<br>(နံနက်)<br>(၂) အဆင့်မြင့်(ကျား)<br>(နေ့လယ်) | **ဒိုးပတ်**<br>(၁) ဝါသနာရှင်(နံနက်)<br>(၂) အခြေခံ(၁၀-၁၅)<br>(နေ့လယ်) |
| ၁၆။ | ၂၉-၁၀-၂၀၀၄<br>(သောကြာနေ့) | **မဟာဂီတ**(နံနက်)<br>(၁) ပညာရှင်(မ)<br>**မဟာဂီတ**(နေ့လယ်)<br>(၂) အခြေခံ(၁၅-၂၀)(ကျား) | **မယ်ဒလင်**<br>(၁) ပညာရှင်(ကျား+မ)<br>(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)<br>(ကျား+မ)(နေ့လယ်) | **ဒုံမင်း**<br>(၁) ပညာရှင်(ကျား+မ)<br>(နံနက်)<br>(၂) အဆင့်မြင့်(ကျား+မ)<br>(နေ့လယ်)<br>(၃) အခြေခံ(၁၀-၁၅)<br>(ကျား+မ)(နေ့လယ်) | **ဆိုင်းအဖွဲ့လိုက်**<br>(၁) အဆင့်မြင့်(ကျား)(နံနက်)<br>(၂) ဝါသနာရှင်(ကျား)<br>(နေ့လယ်) |

# လူကုန်ကူးမှုပြဿနာဖြေရှင်းနိုင်ရေး နားလည်မှုရှိရှိညှိနှိုင်းရန် သန္နိဋ္ဌာန်ချမှတ်ထား မဲခေါင်ဒေသတစ်ခုလုံးအတွက် ထူးခြားလေးနက်သောအကျိုးရလဒ်များရရှိမည်ယုံကြည်

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ကြသည့် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၇

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် (Grand Ball Room)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

## တက်ရောက်

အဆိုပါအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဌာနများနှင့် အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ UN Inter-Agency Project on Human Trafficking in the Great Mekong Sub Regionမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အဖွင့်အမှာစကားပြောကြားရာ၌ အောက်တိုဘာ ၂၉ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် မဲခေါင် မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး၏ အကြိုအနေဖြင့် ယနေ့စတင်ကျင်းပသော အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်ကြီးများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းကို ပဏာမ ပြောကြားလိုကြောင်း။

## သုံးသပ်ဆွေးနွေး

အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း စစ်အေးခေတ်လွန်ကာလတွင် လူကုန်ကူးမှုပြဿနာသည် ဂိုဏ်းဖွဲ့ကျူးလွန်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၌ ကမ္ဘာလုံးဆိုင်ရာ အရေးအကြီးဆုံး ပြဿနာတစ်ခုဖြစ်ကြောင်း၊ လူကုန်ကူးမှုကြောင့် ကမ္ဘာနှင့်အဝန်းကပြည်သူများ၊ အထူးသဖြင့်အမျိုးသမီးများနှင့် ကလေးသူငယ်များအနေဖြင့်ဆိုးရွားသည့် လူမှုရေးဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များ ခံစားနေကြရကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ၎င်းပြဿနာကို ယနေ့မည်ကဲ့သို့ ကိုင်တွယ် ဖြေရှင်းရမည်ဆိုသည်ကို နိုင်ငံများ၏ သဘောတူညီချက်ချမှတ်နိုင်ရန်အတွက် ယနေ့ဤနေရာတွင် အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့်ဝန်ကြီးအဆင့် အစည်းအဝေးများ၌ အသေးစိတ်ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း၊ "MoUနှင့် လုပ်ငန်းစီမံချက်များ ချမှတ်နိုင်ရန် သုံးသပ်ဆွေးနွေးကြမည်ဖြစ်ကြောင်း။

## ထူးခြားလေးနက်သောအကျိုး

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံအားလုံးသည် လူကုန်ကူးမှုနှင့်ပတ်သက်၍ အခြေပြုသောနိုင်ငံများအဖြစ်၊ သို့မဟုတ် ကြားခံနိုင်ငံများအဖြစ် သို့မဟုတ် နောက်ဆုံး လူကုန်ကူးခံရသူများ ဦးတည်ရောက်ရှိရာနိုင်ငံများအဖြစ်နှင့် ယင်းပြဿနာကို ရင်ဆိုင်နေကြရသော နိုင်ငံများဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၎င်းပြဿနာကိုဖြေရှင်းနိုင်ရေးအတွက် နားလည်မှုရှိရှိဖြင့် ညှိနှိုင်းဆွေးနွေးသွားကြရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ကြောင်း၊ မိမိတို့မဲခေါင်ဒေသအစိုးရအသီးသီးအနေဖြင့်၎င်းပြဿနာအပေါ် အချိန်နှင့်တစ်ပြေးညီ ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့၏ လူကုန်ကူးမှုတားဆီးရေး ရပ်တည်ချက်များနှင့် ဆောင်ရွက်ချက်များသည် အဖွဲ့ဝင်နိုင်ငံများအသီးသီး၏ ပြည်သူပြည်သားများသာမက မဲခေါင်ဒေသတစ်ခုလုံးအတွက်ပါ ထူးခြားလေးနက်သောအကျိုးကျေးဇူးရလဒ်များရရှိမည်ဟု ယုံကြည်ကြောင်းကို ပြောကြားလိုကြောင်း။

## ပြန်လည်စုစည်း

လူကုန်ကူးမှုဖြစ်ရသည့် အဓိကအကြောင်းအရင်းများကို သုံးသပ်ရပါက ဒေသအတွင်းနှင့် ကမ္ဘာတစ်ဝန်းဖြစ်ပျက်မှု အခြေခံများ ယေဘုယျအားဖြင့် တူညီကြကြောင်းကို တွေ့ရှိရကြောင်း၊ ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် နောက်ဆက်တွဲအကျိုးဆက်များကို ဟန်ချက်ညီညီ ကိုင်တွယ်ဖြေရှင်းသွားကြရန် အရေးကြီးလှကြောင်း၊ မိမိတို့အနေဖြင့် အချင်းချင်းလက်ညှိုးထိုး အပြစ်တင်နေကြမည့်အစား လူကုန်ကူးခံရသူများလျော့ချရေးနှင့် လူကုန်ကူးမှု အန္တရာယ်လျော့ချရေးနယ်ပယ် နှစ်ခုလုံးကိုပါ အာရုံစိုက် လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ယင်းပြဿနာ ဖြေရှင်းရေးကို အမြင့်ဆုံး ဦးစားပေးဆောင်ရွက်လျက်ရှိရာတွင် ရှုထောင့်တစ်ခုတည်းမှ မကြည့်ဘဲ ဘက်ပေါင်းစုံက ကြည့်ပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် လူကုန်ကူးမှုတားဆီးရေးတွင် အမျိုးသားအဆင့် ဌာနဖွဲ့စည်း တည်ထောင်ခဲ့ပြီးဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းရေး၊ နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာဖြင့်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေး ယန္တရားကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်ကလည်း နယ်စပ်ဒေသများနှင့် လူကုန်ကူးမှုအဖြစ်များသော ဒေသများ၌ လူကုန်ကူးမှု တားဆီးရေးဌာနများ၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းသွားနိုင်ရန်နှင့် စွမ်းဆောင်ရည် မြင့်မားရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် လူကုန်ကူးခံရသော သားကောင်များနှင့် အန္တရာယ်ခံစားနေရသော အုပ်စုများကို ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ နိုင်ငံတွင်းသို့ ပြန်လည်ပို့ဆောင်ရေးနှင့် ပြန်လည်စုစည်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့ နိုင်ငံများအနေဖြင့် ဒေသဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ခိုင်မာပြီး ပြည့်စုံလုံလောက်သော ချဉ်းကပ်ဆောင်ရွက်မှုများ အားလုံးပါဝင်အောင်ရေးဆွဲအသုံးပြုသွားကြရမည်ဖြစ်ကြောင်း၊ ၎င်းပြဿနာကို ကိုင်တွယ်နိုင်ရေးအတွက် မိမိတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များသည် ဒေသအတွင်း၌ သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ပြီး နောင်အနာဂတ်၌လည်း အာဆီယံနှင့် အာရှပစိဖိတ် ဒေသတစ်ခုလုံးကိုပါ ထင်ဟပ်စေမည့် မှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း။

## အလေးထား

ယနေ့ အစည်းအဝေးတွင် လူကုန်ကူးမှုနှင့် ဆက်နွှယ်သော ပြဿနာအားလုံးကို တူညီသောအမြင်နှင့် မည်ကဲ့သို့ အောင်မြင်အောင် ဖြေရှင်းကြမည်ကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ အစည်းအဝေးကာလ နှစ်ရက်တာအတွင်း၌ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် နည်းလမ်းများကို အားလုံးသဘောတူဆွေးနွေးချမှတ်သွားနိုင်မည်ဟုယုံကြည်မိကြောင်း၊ အပြည်ပြည်ဆိုင်ရာ စံနှုန်းများ၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုများနှင့် ကုလသမဂ္ဂ ကွန်ဗင်းရှင်းများ၊ လမ်းညွှန်ချက်များအားလုံးကို အလေးထားထိန်းသိမ်းကိုးကားကြရန် လိုအပ်ကြောင်းကို အကြံပြုလိုကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့ဒေသအတွင်း အခြေအနေနှင့်သဟဇာတဖြစ်စေရေးအတွက် **"ကမ္ဘာအခြေအနေနှင့် ယှဉ်တွဲပြီး ဒေသအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြပါရန်"** လည်း သတိရှိရန်လိုအပ်ကြောင်း၊ ယခုအစည်းအဝေး၌ တူညီသော အကြောင်းအချက်များကို သုံးသပ်ဖော်ထုတ်နိုင်ကြမည်ဟုလည်း မျှော်လင့်ကြောင်း၊ လူကုန်ကူးမှု တားဆီးရေးဆိုင်ရာ ရှုထောင့်များစွာတွင် တူညီသောအမြင်ကို ဆွေးနွေးဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံများအနေဖြင့် မိမိတို့၏ ရှေ့တန်းလူကုန်ကူးမှုတားဆီးရေးဌာန အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး၊ မဟာမဲခေါင်ဒေသခွဲ (GMS)နိုင်ငံများ၏ လူကုန်ကူးမှုဆိုင်ရာ စုံစမ်းထောက်လှမ်းရေး၊ ကြီးကြပ်ထိန်းသိမ်းရေးနှင့်လုပ်ငန်းအရည်အသွေးများမြှင့်တင်သွားကြရန် အထူးလိုအပ်ကြောင်း၊ မသက်ဖွယ်သတင်းမှန်ဖြစ်ရပ်များနှင့်ပတ်သက်၍ သတင်းများဖလှယ်ရေးသည် လုပ်ငန်းလုပ်သူများ၏အရည်အသွေးမြှင့်တင်ရေးကိုလည်းအလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်းကို ပြောကြားလိုကြောင်း။

## မတွေးဝံ့စရာဖြစ်

အားလုံးသိကြသည့်အတိုင်း မိမိတို့နိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြပြီး ချမ်းသာသည့်အုပ်စုက ပိုချမ်းသာ၊ဆင်းရဲသည့်အုပ်စုက ပိုဆင်းရဲစသည့် မညီမျှမှုများ တိုးပွားဖြစ်ပေါ်နေသည့်ကမ္ဘာကြီး၌ ကမ္ဘာနှင့်ဆက်စပ်ဖြစ်ပေါ်နေသော ဖြစ်စဉ်ကိုလည်း အလေးအနက် ထားကြရမည်ဖြစ်ကြောင်း၊ ၎င်းအခြေအနေများကြောင့် ဆိုးရွားသော လူကုန်ကူးမှုဖြစ်သည့် နောက်ဆက်တွဲအကျိုးဆက်များကို ဖြစ်ပေါ်စေကြောင်း၊ ၎င်းပြဿနာရပ်အပေါ်နှုတ်ဖြင့်အပြောသက်သက်ပြောနေမည့်အစား ပို၍တရားမျှတ သာတူညီမျှရှိသည့် ကမ္ဘာကြီးဖြစ်လာရေးအတွက်ညီညီညွတ်ညွတ်ဖြင့်လက်တွေ့လုပ်ဆောင်ကြမည်ဆိုသည့် မေးခွန်းဖြစ်၍လာကြောင်း၊ ယနေ့ကမ္ဘာကြီး၏စီးပွားရေးမညီမျှမှုနှင့် မကျေနပ်မှုများ၏ ထိုးနှက်မှုလက္ခဏာများသည် မတွေးဝံ့စရာဖြစ်လာကြောင်း။

၎င်းကိစ္စနှင့်ပတ်သက်၍ ယနေ့ကမ္ဘာ့ဆက်နွှယ်ဖြစ်ပေါ်မှု(Globalization) ဖြစ်စဉ်၏ပုံစံအပြောင်းအလဲများကိုဆုံးရှုံးရမလိုဖြစ်နေသည့် မိမိတို့ဖွံ့ဖြိုးဆဲနိုင်ငံများအမြဲတမ်းရင်ဆိုင်နေရသည့် ပြဿနာကိုပင် ထပ်မံပြောရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တစ်နေ့တခြားဆိုးရွားဖြစ်ပေါ်နေသော ရောဂါ၏အစပိုင်းလက္ခဏာများကို အားလုံးထင်ထင်ရှားရှား တွေ့မြင်နေကြရပြီးညီညွတ်မှုမရှိလျှင်၊ တူညီသည့်ရပ်တည်ချက်မရှိလျှင် မမျှတမှုများအနေဖြင့်လျော့ပါးမသွားဘဲ ပိုမိုဆိုးရွားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် GMSအဖွဲ့ဝင်နိုင်ငံအားလုံးမမျှတမှု၊ ဖိနှိပ်မှုများ၊ ကန့်သတ်မှုတို့ကို သတိရှိရှိ၊ စုပေါင်းတိုက်ဖျက်ကြရန် အလေးအနက်တိုက်တွန်းလိုကြောင်း။

## အစည်းအဝေးစတင်ဖွင့်လှစ်

နိဂုံးချုပ်အနေဖြင့် မိမိတို့ယနေ့ဤနေရာတွင် စုဝေးရောက်ရှိနေကြခြင်းသည် မိမိတို့အားလုံးအတွက် အရေးကြီးလှသည့် အပြစ်မဲ့သော ပြည်သူများ လူကုန်ကူးမှု၏ သားကောင်များဖြစ်လာမည့် အခြေအနေများကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ဘဝအခြေအနေ တိုးတက်လာစေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက် သွားကြရန်ပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လူကုန်ကူးမှုနှင့်လူကုန်ကူးမှုနှင့်ဆက်နွှယ်သည့် ပြဿနာများကို ရင်းရင်းနှီးနှီးယုံကြည်မှုအပြည့်ဖြင့် ဆွေးနွေးသွားနိုင်ကြမည်ဟုမျှော်လင့်ကြောင်း၊ ထို့အပြင် ငြိမ်းချမ်းသာယာဝပြောသည့် မိမိတို့၏ဒေသအတွင်းက လူကုန်ကူးမှုပပျောက်ရေးဆိုသည့် မိမိတို့၏အာမခံချက်ကို ပြန်လည်ဆန်းသစ်ပြီး အောင်မြင်အောင် ဆောင်ရွက် သွားနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် ယခုအချိန်က စပြီး COMMIT အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို စတင်ဖွင့်လှစ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားပြီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အစည်းအဝေးသို့ တက်ရောက်လာကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ UNIAP မှ တာဝန်ရှိသူများသည် တစ်ဖွဲ့ချင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

## တက်ကြွစွာပါဝင်

မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နံနက် ၁၀နာရီတွင် စတင် ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်လာကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့နှင့် UNIAP တို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း အစီအစဉ်များနှင့် ပတ်သက်၍ တက်ကြွစွာ ပါဝင်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**





● ကျောဖုံးမှ

ကမ်းနီဘက်ခြမ်း တံတားချဉ်းကပ်လမ်းများကို ပုသိမ်-ငွေဆောင်ကားလမ်းနှင့် ပုသိမ်-ချောင်းသာကားလမ်းများသို့ ဆက်စပ်ဖောက်လုပ်ပြီးစီးမှုနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြီးစီးရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**၈၀ ရာခိုင်နှုန်းပြီးစီး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူးနှင့်အဖွဲ့သည် ပင်မ တံတားခန်းဖွင့် ၅၃ ခန်းရှိသည့် အနက် ၁၅ ခန်းကို လူသွားလမ်းနှင့် ကားလမ်းအဖြစ် ကြမ်းခင်းများ တပ်ဆင်နေမှုနှင့် ကမ်းနီဘက်ကမ်း ချဉ်းကပ်တံတား အခြေအနေတို့ကိုလည်းကောင်း၊ ပုသိမ်-ငွေဆောင်ကားလမ်းအထိ ဖောက်လုပ်ထားသော တစ်မိုင်ခုနစ်ဖာလုံ အရှည် မြေသားလမ်းကို ဂဝံကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး၍ လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပုသိမ်တံတားသည် ပေ၂၁၄၀ အရှည်ရှိအောက်ထည်သံကူကွန်ကရစ်၊ အပေါ်ထည် သံပေါင်ကြိုးတံတား အမျိုးအစားအဖြစ် ငဝန်မြစ်ကိုဖြတ်ကျော်၍ မြစ်အရှေ့ဘက်ကမ်း မရမ်းချောင်ကျေးရွာနှင့်အနောက်ဘက်ကမ်း ကမ်းနီကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံး၏ ၈၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ တံတားတည်ဆောက်ပြီးစီးသွားပါက ငဝန်မြစ်အနောက်ဘက် ကမ်းခြေဒေသများဖြစ်သောငွေဆောင်နှင့် ချောင်းသာကမ်းခြေဒေသများနှင့်သာ ပေါင်းမြို့နယ်ဒေသများသို့ ကုန်းလမ်းခရီးဖြင့် ရာသီမရွေးဆက်သွယ်သွားလာနိုင်ပြီး ရန်ကုန်မြို့နှင့်ဒေသအနှံ့ အပြားသို့လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်

**ရန်ကုန် အောက်တိုဘာ ၂၇**

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် **"ခေတ်မီဘက်စုံတည်ဆောက်ရေး"**နှင့် **"ရှုချင်စဖွယ်အမျိုးသားယဉ်ကျေးမှု"**ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

**ပိုမိုရရှိလာမည်ဖြစ်**

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀လက်မx၁၂လက်မနှင့်အထက် အရွယ် Printပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိနိုင်မည့် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

**ပူးတွဲပေးပို့ရမည်**

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂတစ်ကိုတင်ပြနိုင်ရမည်ဖြစ်ပြီး ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ Data နှင့် ဓာတ်ပုံအကြောင်းအရာ Captionကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်ဖြစ်သည်။ သရုပ်ဆောင်သူ များပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သောဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

**ဆုချီးမြှင့်မည်**

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၅ခုနှစ် မတ်၂၇ရက်တွင်ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာတိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မတိုင်မီပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာမှ ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း) သာသနာ့ကုန်းမြေကျောင်းတိုက် ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် သာသနာ့ကုန်းမြေကျောင်းတိုက် ၁၅တိုက်၌ ဝါဆိုဝါကပ်တော်မူကြ၍ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုတော်မူကြသော သံဃာတော်အပါး၁၉၀ကျော်တို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှု၊ (၂၀) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဆွမ်းလောင်းအသင်း ခုနစ်သင်းနှင့် အခြားအသင်းအဖွဲ့အလှူရှင်များ ပါဝင်မှုဖြင့် မဏ္ဍပ်ပေါင်း ၁၅ခုတွင် စည်ကားသိုက်မြိုက်စွာဖြင့် အောင်ဇေယျစေတီတော်ကြီးနှင့် ရပ်ကွက်တစ်ခုလုံးကို ပတ်၍ ဆွမ်းဆန်၊ ဆီ၊ ဆားစသော လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)



**ရန်ကုန်မြို့ ရန်ကင်းမြို့နယ်သီရိ မင်္ဂလာရိပ်သာ ကမ္ဘာအေးဘုရားလမ်း အမှတ်၂၈-ဘီနေ ဦးဝင်းဇော်(ဗိသုကာ) GMS-Global Management System Architectural Co., Ltd. က ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း တိပိဋကကျောင်းတော်၏ တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀ ကို နာယကဆရာတော်များထံ အနုမောဒနာခံယူ ရေစက်ချ၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များစတင်ကျင်းပ ဒုတိယအဆင့်ပြိုင်ပွဲ၂၈ပွဲ ဆက်လက်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ်လက်ခံကျင်းပသည့် အသက်၁၈နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ(1st Myanmar Junior World Ranking Tennis Tournament Grade-5) ပထမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပသည်။**

ပြိုင်ပွဲကျင်းပရာသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီးနှင့်တာဝန်ရှိသူများ၊ စစ်ဒေသမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co,. Ltd)နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင် နာယကအဖွဲ့ဝင်များ၊ တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပထမနေ့ပွဲစဉ်များတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၁၆ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲခြောက်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲရှစ်ပွဲ နှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ခြောက်ပွဲ စုစုပေါင်း ၃၆ပွဲကျင်းပပြီးစီးသွားသည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဖြိုးမင်းသာသည် အင်ဒိုနီးရှားနိုင်ငံမှ Bani Kohar Harahapကိုနှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်ပြိုင်ပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ချစ်ဆုရီသည်လည်း ဒုတိယအဆင့်ပြိုင်ပွဲသို့ တက်ရောက်သွားသည်။

အောက်တိုဘာ ၂၈ရက် နံနက် ၉ နာရီတွင် ဒုတိယအဆင့်ပြိုင်ပွဲ၂၈ပွဲကို ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည်၄၂၅ဦးလာရောက်ကြည့်ရှု

ရန်ကုန် အောက်တိုဘာ ၂၇

**ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူး၍ ယနေ့စတင်ကျင်းပသည့် ၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည်များ လာရောက်လျက်ရှိရာ ယနေ့တွင်ပြပွဲသို့ ပြည်ပနိုင်ငံ ခုနစ်နိုင်ငံ ရတနာကုမ္ပဏီ ၉၆ ခုမှ ရတနာကုန်သည် ၃၂၀နှင့် ပြည်တွင်းမှ ရတနာကုမ္ပဏီ ၆၁ခုမှ နိုင်ငံသားရတနာကုန်သည် ၁၀၅ဦး စုစုပေါင်း ရတနာကုန်သည် ၄၂၅ ဦး လာရောက်ကြည့်ရှုကြသည်။**

**ကူညီပံ့ပိုးဆောင်ရွက်**

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉ နာရီမှညနေ ၅ နာရီအထိ ၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသောကျောက်မျက်ရတနာများကို လေ့လာကြည့်ရှုကြရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများမှ အတွင်းရေးမှူးများက ကြိုဆိုနှုတ်ဆက်ကြပြီး ပြပွဲအတွင်း လိုက်လံရှင်းလင်းပြသကြကာ လိုအပ်သည်များကို ကူညီပံ့ပိုး ဆောင်ရွက်ပေးကြသည်။

**ပိုမိုများပြားစွာလာရောက်**

ယခုကျင်းပသော ၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအတွဲများသည် ယခင်ပြပွဲများတွင် ခင်းကျင်းပြသခဲ့သည်တို့ထက် ပိုမိုအရည်အသွေးကောင်းမွန်ခြင်း၊ အရေအတွက်ပိုမိုများပြားသည့်အပြင် စနစ်တကျစီစဉ်ရောင်းချခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို ကောင်းမွန်စွာ ဆောင်ရွက်ခြင်း၊ လုံခြုံရေးစနစ် ကောင်းမွန်ခြင်းစသည်တို့ကြောင့် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များပိုမိုများပြားစွာ လာရောက်ကြသည့်အပြင် အောက်တိုဘာ ၂၈ရက်နှင့် ၂၉ရက်တို့တွင် ပြည်တွင်း၊ပြည်ပ ရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ ထပ်မံရောက်ရှိလာဦးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကိုးပါးသီလဟောကြားချီးမြှင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၈ရက်) ကြာသပတေးနေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (ပီအိပ်ချ်ဒီ)ဆရာတော်က နဝင်္ဂဉပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (ဥပုသ်နေ့)**
**၂၈-၁၀-၂၀၀၄ ရက် (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်)ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ ဟောကြားတော်မူအပ်သော 'အဘိဓမ္မအခါတော်နေ့ တရားတော်'
၈:၂၀ ၅။ ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲတော်
၈:၃၀ ၆။ International News
၈:၄၅ ၇။ Islands of Dhamma
၈:၅၀ ၈။ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ပီအိပ်ချ်ဒီ) တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု)

[အထက-၆၊ဗိုလ်တထောင်] (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆:၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၀၅ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၁၅ ၆။ ဝါကျွတ်တေးများ
၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
၁၇:၄၀ ၈။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"** (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)
၁၇:၅၀ ၉။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၀၀ ၁၀။ ဓမ္မပူဇာတေးအစီအစဉ်
၁၈:၁၅ ၁၁။ ဖောင်တော်ဦးဘုရားပွဲတော် (အင်းလေး)
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၂၃)
၁၉:၃၀ ၁၅။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ အဘိဓမ္မာအခါတော်နေ့ တရားတော်
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
၂၀။ ရုပ်မြင်သံကြားဇာတ်လမ်း **"တစ်ပါးသီလ"** (ဇော်လင်း၊ သိုက်စိုး၊ ခင်စိုးပိုင်) (ဒါရိုက်တာ-ဦးသုခ)
၂၁။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်



**အောက်တိုဘာ ၂၇ ရက်က ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ လာရောက်ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

# ကိုးမိုင်မဟာစည်ဆရာတော် ဓမ္မဒေသနာခရီးမှပြန်ကြွလာ

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်မြို့ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဆရာတော်ဘဒ္ဒန္တကဝိဓဇ(သာသနဓဇ ဓမ္မာစရိယ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မာဋ္ဌာနာစရိယ)အရှင်မြတ်သည် ဆွစ်ဇာလန်နိုင်ငံနှင့်အင်္ဂလန်နိုင်ငံတို့မှ တရားနာပရိသတ်များအား သတိပဋ္ဌာန်ဝိပဿနာများ ဟောကြားချီးမြှင့်ပြီး အောက်တိုဘာ၂၇ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ပြန်လည်ကြွရောက်တော်မူလာသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုးမိုင်မဟာစည်ဟိတေသီ အဖွဲ့ဝင်များက ကြိုဆိုပူဇော်ကြသည်။ **(က-ပ)**

# အထက(၁)ကြည့်မြင်တိုင် စုပေါင်းအာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၇**

အထက(၁)ကြည့်မြင်တိုင်(ကြည့်မြင်တိုင် မိန်းကလေးအထက်တန်းကျောင်း)(ယခင်အေဘီအမ်)၏ ပထမအကြိမ် စုပေါင်းအာစရိယ ပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ၂၆ရက်(သောကြာနေ့) တန်ဆောင်မုန်း လပြည့်နေ့ နံနက်၁၁ နာရီတွင် ယင်းကျောင်းမြဝတ်ရည် ခန်းမ၌ကျင်းပရန်စီစဉ်ထားသည်။

ကျောင်းသားကျောင်းသူဟောင်းများသည် အလှူငွေများကို ဒေါ်စွမ် ဖုန်း-၂၂၃၂၅၊ ဒေါ်ခင်တီတီ ဖုန်း-၅၁၂၆၆၇၊ ဒေါ်ကြည်ကြည်စိန် ဖုန်း-၂၈၆၈၁၅၊ ဒေါ်အေးအေးသန်း ဖုန်း-၅၂၄၄၀၅၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၆၅၀၅၅၄၊ ဒေါ်သဇင် ဖုန်း-၅၀၀၁၉၈၊ ဒေါ်သန်းသန်းနိုင် ဖုန်း-၇၂၂၂၃၄၊ ဒေါ်မြင့်မြင့်တင် ဖုန်း-၅၃၉၄၁၁၊ ဒေါ်ဝင်းဝင်းမေ ဖုန်း-၇၂၁၇၀၄၊ ဒေါ်စပယ် ဖုန်း-၅၃၄၇၄၇ နှင့် ဒေါ်လဲ့လဲ့ဝင်း ဖုန်း-၂၂၇၄၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ ဆရာမကြီးများအနေဖြင့် အာစရိယပူဇော်ပွဲသို့တက်ရောက်ကြရန်နှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

# အဘိဓမ္မာ သင်အပ်စွာတည့်

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူပြီး ခြောက်ဝါအလွန်၊ ခုနစ်ဝါမြောက်ဖြစ်သော မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့တွင် တာဝတိံသာ နတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ မယ်တော် မိနတ်သားအမှူးပြုသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူခဲ့သည်။ ဝါတွင်းသုံးလပတ်လုံး အဆက်မပြတ် ဟောကြားတော်မူပြီးလျှင် သီတင်းကျွတ်လပြည့်နေ့၌ တရားနိဂုံး အဆုံးသတ်လျက် (လူတို့ပြည်) သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်သက်ဆင်းတော်မူခဲ့သည်။

'ဓမ္မ'ဟူသော တရားချင်းတူသော်လည်း သုတ္တန်တရားထက် သာလွန်ထူးကဲကျယ်ဝန်းသောကြောင့် (အဘိ+ဓမ္မ)အဘိဓမ္မာတရားတော်ဟုအမည်ရသော ပရမတ်တရားများကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရား ဖြစ်တော်မူပြီးသည့်နောက် သတ္တဋ္ဌာနစံနေတော်မူစဉ် စတုတ္ထသတ္တာဟ ရတနာ ဃရရွှေအိမ်၌ သီတင်းသုံးတော်မူခိုက် ဤအဘိဓမ္မာတရားတို့ကို သဗ္ဗညုတ ဉာဏ်တော်မြတ်ဖြင့် ဆင်ခြင်တော်မူခဲ့ခြင်းဖြစ်သည်။ တရားတော်မှာ ဒေသနာစဉ်အရ (၁) ဓမ္မသင်္ဂဏီ (၂) ဝိဘင်း (၃) ဓာတုကထာ (၄) ပုဂ္ဂလပညတ် (၅) ကထာဝတ္ထု (၆) ယမိုက် (၇) ပဋ္ဌာန်းကျမ်းတို့ ဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်ဖြင့် ဖြန့်ကြက်ရာဖြစ်သော အဘိဓမ္မာခုနစ်ကျမ်းကား လွန်စွာနက်နဲသည်နှင့်အမျှ အတိုင်းမသိ ကျယ်ဝန်းလှချေသည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ ဉာဏ်တော်အရာသာ ဖြစ်သောကြောင့်လည်း ဘုရားရှင်မှလွဲ၍ မည်သည့်ပုဂ္ဂိုလ် တစ်စုံတစ်ယောက်ကမျှ စတင်ထုတ်ဖော်ဟောကြားနိုင်ရိုးမရှိပါချေ။ မြတ်စွာဘုရားသာ ပွင့်ပေါ်တော်မူခြင်း မရှိခဲ့လျှင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားလေးပါးအကြောင်းကို သိနားလည်ရန်မဆိုထားဘိ အမည်မျှပင် ကြားဖူးနားဝရှိရန် မလွယ်ကူပါ။

မြတ်စွာဘုရားသည် အဘိဓမ္မာတရားတော်ကို ဒေသနာစဉ်အလိုက် ဟောကြားပါမှ နာကြားသူများက အပြည့်အစုံနားလည်နိုင်မည်ဖြစ်ပေသည်။ လူတို့၏ အချိန်ကာလ တစ်ရက်အတွင်း ထိုသို့စလယ်ဆုံးဟောကြားရန်လည်းမဖြစ်နိုင်ပါ။ ထို့ပြင် ဤကဲ့သို့ နက်နဲကျယ်ဝန်းသောတရားတော်ကို လူသားများအနေဖြင့်လည်း တစ်ထိုင်တည်းပြီးဆုံးအောင် နာယူနိုင်သည့်စွမ်း မရှိကြပါ။ ထို့ကြောင့်ပင် တာဝတိံသာရှိမယ်တော်မိနတ်သားကို တရားဖြင့်ကျေးဇူးဆပ်ရင်း ဒေသနာစဉ်ဆုံးအောင်တစ်ဆက်တည်း နာယူနိုင်စွမ်းရှိသည့် နတ်ဗြဟ္မာများအား အဘိဓမ္မာတရားတော်ကို အကျယ်နည်းဖြင့် ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

ထိုသို့ တာဝတိံသာတွင် ဝါတွင်းသုံးလလုံး အသံမစဲအဘိဓမ္မာတရားပွဲဆင်နွှဲနေသည့်အတွင်း ဆွမ်းဘုဉ်းပေးချိန်တွင် မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ဖန်ဆင်းထားသော နိမ္မိတဘုရားရှင်အား ဆက်လက်တရားဟောကြားစေတော်မူကာ ကိုယ်တော်တိုင်မူကား လူ့ပြည်ရှိ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူသည်။ ထို့နောက် အနောတတ်ရေအိုင်ဆိပ်ကမ်းသာတွင် ဆွမ်းဘုဉ်းပေးပြီး ဟိမဝန္တာ စန္ဒကူးတောသို့ ကြွ၍အနားယူတော်မူသည်။ စန္ဒကူးတောတွင် ဝတ်ကြီးဝတ်ငယ် လာရောက်ပြုသော အရှင်သာရိပုတ္တရာအား နတ်ပြည်တွင် ဟောကြားတော်မူခဲ့သည့် တရားတော်ကို အကျဉ်းနည်းဖြင့် ပြန်လည်ဟောပြတော်မူခဲ့သည်။ အရှင်သာရိပုတ္တရာသည် မဇ္ဈိမဒေသရှိ တပည့်ရဟန်းငါးရာ (ကဿပဘုရားရှင်လက်ထက်က လင်းနို့သားဘဝဖြင့် အဘိဓမ္မာတရားတော်ကို နာယူခဲ့ရသဖြင့် အထုံပါရမီရှိပြီး) တို့အား မကျဉ်းမကျယ်နည်းဖြင့် ပြန်လည်သင်ကြားပေးတော်မူခဲ့သည်။ ဤသို့အားဖြင့် အဘိဓမ္မာတရားစည်ကြီးသည် လူ့ပြည်နှင့်နတ်ပြည်၌ ဝါးတွင်းသုံးလပတ်လုံး မြည်ဟည်းလျက် ရှိပါတော့၏။

**သီတင်းကျွတ်လပြည့်နေ့တွင်ကား အဘိဓမ္မာတရားတော်ကို မြတ်စွာဘုရားက နတ်ပြည်ရှိ နတ်ဗြဟ္မာပရိသတ်အား အကျယ်ဟောခြင်းသည်လည်းကောင်း၊ စန္ဒကူးတောတွင် အရှင်သာရိပုတ္တရာအား အကျဉ်းဟောခြင်းသည်လည်းကောင်း၊ အရှင်သာရိပုတ္တရာက တပည့်ရဟန်းငါးရာအား မကျဉ်းမကျယ် သင်ကြားပို့ချခြင်းသည်လည်းကောင်း အသီးသီးဆုံးခန်းတိုင်ခဲ့ပေပြီ။ ထိုနေ့တွင် မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်သက်ဆင်းတော်မူလာခဲ့၏။ ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ကား မြတ်စွာဘုရားအား လူ့ပြည်မှ မီးမြင်းမိုရ်ပွဲဖြင့် ပူဇော်ကြိုဆိုရာနှင့် အဘိဓမ္မာတရားတော် ဟောကြားပြီးဆုံးခြင်း အထိမ်းအမှတ်အဖြစ် အဘိဓမ္မာအခါတော်နေ့ကျင်းပပူဇော်ရာ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်သည်။**

ဤအဘိဓမ္မာအခါတော်နေ့အကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်းသိရှိပြီးဖြစ်သည်။ ဤနေ့ထူးအခါမြတ်တွင် အဘိဓမ္မာတရားတော်၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်ပွားများလျက် ရှေးကဗုဒ္ဓဘာသာဝင်များ၏ အဘိဓမ္မာတရားတော် ပူဇော်ကြသည့်ထုံးကိုလည်း နှလုံးမူအပ်လှသည်။

အဘိဓမ္မာတရားတော်ကို အရှင်သာရိပုတ္တရာက ရဟန်းငါးရာအား သင်ကြားပေးခဲ့သည့် မကျဉ်းမကျယ်နည်းဖြင့် မြတ်စွာဘုရားလက်ထက်တော်မှ အစပြု၍ သံဃာတော်များက ဆရာအစဉ်အဆက်လက်ဆင့်ကမ်း ဆောင်တော်မူခဲ့ကြသည်။ ဤကျယ်ဝန်းများပြားလှသော အဘိဓမ္မာခုနစ်ကျမ်းကို ရဟန်းတော်များသာမက လူသာမန်တို့ပါ သင်ယူနိုင်စေရန် အနှစ်ချုပ်ယူလျက် အရှင်အနုရုဒ္ဓါအရှင်မြတ်က သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာထွန်းကားစဉ် အချိန်ကပင် "အဘိဓမ္မတ္ထသင်္ဂဟ" ဟူသော သင်္ဂြိုဟ်ကျမ်းကို စီရင်ပြုစုတော်မူခဲ့သည်။ အရှင်အနုရုဒ္ဓါ၏ကျေးဇူးကြောင့်ပင် နှောင်းလူတို့သည် အဘိဓမ္မာ၏ အရသာကို ကောင်းစွာ ခံစားနိုင်ကြပြီး မြောက်မြားစွာသော အကျိုးကျေးဇူးတို့ ဖြစ်ထွန်းခဲ့ကြသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာ စတင်ထွန်းကားခဲ့သော ပုဂံခေတ်က အိမ်မှုကိစ္စ ဗာဟီရများသော သားသည်မိခင်များပင် အဘိဓမ္မာ၏ အခက်ခဲဆုံး ဖြစ်သော ပဋ္ဌာန်းကျမ်းကြီးအထိ သင်နိုင်၊ ဆောင်နိုင်ခဲ့ကြ၏။ ရေခပ်ရင်း၊ ထင်းခွေရင်း အဘိဓမ္မာဆွေးနွေးကြသည်။ သာမှုနာမှု စကားဝိုင်းများ၏ ခေါင်းစဉ်သည် အဘိဓမ္မာဖြစ်၏။ ယနေ့ကာလ၌

## ရွှေသဋ္ဌာ

အရပ်သုံးဖြစ်နေသော စကားလုံးအတော်များများသည် အဘိဓမ္မာဒေသနာပါဝေါဟာရများ ဖြစ်နေသည်ကို ထောက်၍ ရှေးကဗုဒ္ဓဘာသာဝင်များသည် အဘိဓမ္မာကို ဗဟိဒ္ဓမှာပူဇော်ခြင်းအပြင် မိမိ၏အဇ္ဈတ္တသန္တာန်မှာပါ တည်အောင်လေ့လာ သင်ယူကျက်မှတ်ဆောင်နှင်း ပူဇော်ခဲ့ကြကြောင်း ထင်ရှားလှသည်။

သို့သော်လည်း နောက်ပိုင်းတွင် လေ့လာသင်ယူကာ လက်တွေ့ကျင့်ကြံလိုက်နာသူ နည်းပါးလာသဖြင့် အဘိဓမ္မာတရားတော်သည် တဖြည်းဖြည်း မှေးမှိန်လာတော့သည်။ ကာလဒေသအခြေအနေအရ လူပုဂ္ဂိုလ်များသည် လောကီရေးရာကိစ္စများတွင် အချိန်တွေပို၍ အသုံးပြုနေကြရကား အဘိဓမ္မာတရားတော်ကို လေ့လာကျက်မှတ်ကျင့်သုံးရန် အချိန်နည်းပါးလာကာ ဗဟိဒ္ဓအသွင်ပူဇော်မှုများဖြင့်သာ တင်းတိမ်နေကြတော့သည်။ ဤအခြေအနေကို သတိပြုတော်မူမိသော လယ်တီဆရာတော်ဘုရားကြီးက လူပုဂ္ဂိုလ်အများစုတို့ အလွယ်တကူ သင်ကြားနာယူနိုင်ရန် ပရမတ္ထသံခိပ် စသည်များရေးသားကာ အနယ်နယ်အရပ်ရပ်တွင် သံခိပ်အသင်းများ၊ အဘိဓမ္မာသင်တန်းများ ပေါ်ထွန်းလာစေရန် အားထုတ်နှိုးဆော်တော်မူခဲ့၏။

ပရမတ္ထသံခိပ်များကို ကျက်မှတ်ရခြင်းသည် ရှေးကသင်ရိုးနှင့် နှိုင်းစာလျှင် အသိမြန်၊ အတတ်မြန်သည်။ ရှေးကအဘိဓမ္မတ္ထသင်္ဂဟကျမ်းကို သင်ကြားရာတွင် ပါဠိကျက်ရခြင်း၊ အနက်ပြန်ရခြင်း၊ အဓိပ္ပာယ်ရှင်းပြခြင်းနှင့် သရုပ်ခွဲခြင်း စသည်ဖြင့် အဆင့်ဆင့် သင်ကြားရရာ အနည်းဆုံး သုံးလေးနှစ်ခန့် ကြာကြောင်း သိရှိရသည်။ အသုံးချ အဘိဓမ္မာကို အချိန်တိုအတွင်း အနှစ်အသားမိအောင် သင်ကြားပေးနိုင်သည့် နည်းစနစ်များကို အခြေအနေက တောင်းဆိုနေခဲ့သည်။ ထိုတောင်းဆိုချက်အရပင် ရဟန်းပညာရှိ၊ လူပညာရှိတို့က အဘိဓမ္မတ္ထ သင်္ဂဟ အဋ္ဌကထာကို ပါဠိဘာသာမှ မြန်မာဘာသာဖြင့် ဖွင့်ဆိုပြီး ကျမ်းအစောင်စောင် ပြုစုထားလျက်ရှိနေပါပြီ။ ထို့ပြင် ပို၍လွယ်ကူ ခေတ်မီအောင် စီစဉ်တီထွင်ထားကြသည့် သင်္ကေတများ၊ စာသား များဖြင့် သင်ပေးနိုင်သော နည်းစနစ်များဖြင့်လည်း အနယ်နယ်အရပ်ရပ်မှာ အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်ပေးလျက် ရှိနေပေပြီ။

အဘိဓမ္မာကို လေ့လာကျက်မှတ်လိုက်နာခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို တိပိဋကဓရ အရှင်သီရိန္ဒာဘိဝံသ(ယော) ဆရာတော်က အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်။ "အဘိဓမ္မာသည် ဧကန်သင်ယူမှတ်သားရမည့် နှစ်ဖက်မြင် သဘောတရားရေးဆိုင်ရာ ပညာမျိုးဖြစ်ပေသည်။ သဘောတရားပိုင်းမှ အမြင်ရှင်းပြီး ဘဝအခက်အခဲကို အမှန်အတိုင်း ကိုင်တွယ်ဖြေရှင်းတတ်ပေမည်။ ရှင်း၍ မရနိုင်လောက်အောင် အလွန်ရှုပ်ထွေးလှသည့် လူမှုရေးပြဿနာတွေ ကြားထဲတွင် အမြင်ကြည်လင်စွာဖြင့် အပူကင်းအောင် နေထိုင်တတ်ပေမည်။ အခက်အခဲတိုင်းကို ကျော်လွှန်အောင် ဖြေရှင်းနိုင်မှ ဘဝခရီးကို အေးမြကြည်လင် တည်ငြိမ်ရင့်ကျက်စွာ ဖြောင့်ဖြောင့်တန်းတန်း သယ်ဆောင်သွားနိုင်မှ တကယ်စစ်မှန်သော လူတော်တစ်ယောက်ဟု ခေါ်ဆိုရသည်။ လူတော်တစ်ယောက်ဖြစ်ရေးအတွက် အဘိဓမ္မာက လုံးဝ တာဝန်ယူပေသည်။

လူကောင်းတစ်ယောက် ဖြစ်ရန်အတွက် ယုံကြည်ချက် သဒ္ဓါတရားရှိအောင် လုပ်ရသည်။ သဒ္ဓါတရားရှိလာလျှင် စိတ်ကြည်လင် သန့်ရှင်းဖြူစင်လာပြီး ကောင်းတာကိုချည်းသာ လုပ်လိုသဖြင့် လူကောင်းဖြစ်လာရသည်။ သဒ္ဓါတရားဟူသည် လူတစ်ယောက်၏ သဘောထားခံယူချက်ပေတည်း။ ယုံကြည်စိတ်ချမှု၊ သဘောတူညီ လက်ခံမှု၊ ကျေနပ်အားရမှု၊ ခံယူချက်ပြတ်သားမှု၊ အာမခံတာဝန်ယူနိုင်မှု သဘောမျိုးလည်းဖြစ်သည်။ စွမ်းအားကောင်းများရအောင် လှမ်းယူချီမ သယ်ဆောင်ပေးနိုင်သော တရားလည်းဖြစ်၍ စိတ်ကိုအပူအညစ်ကင်းအောင် သန့်စင်ဆေးကြောပေးသော တရားလည်းဖြစ်သည်။ ယုံကြည်လက်ခံမှုရှိသလောက် ကောင်းသောလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်၍၊ ကောင်းမှုရှိသလောက် ချမ်းသာအစုံကို ရရှိနိုင်လေသည်။ လူကောင်းတစ်ယောက် ဖြစ်လာရေးအတွက်ကိုလည်း အဘိဓမ္မာက လုံးဝတာဝန်ယူပေသည်။"

မြတ်စွာဘုရားရှင်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ဖြည့်ဆည်းအပ်သော ပါရမီတော်အဟုန်ဖြင့် ရရှိတော်မူခဲ့သည့် သဗ္ဗညုတဉာဏ်တော်အစွမ်းကြောင့် အဘိဓမ္မာတရားတော်မြတ်ကို ထုတ်ဖော်ဟောကြားတော်မူနိုင်ခဲ့ခြင်းဖြစ်သည်။ **ထိုတရားတော်သည် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက် သင်ကြားပေးတော်မူခဲ့သည့် သံဃာတော်များ၏ ကျေးဇူးကြောင့် လောကတွင် ထင်ရှားရှိနေပါ၏။ ထိုတရားတော်သည် လောကီလူသားများအတွက် ပစ္စုပ္ပန်ရော သံသရာပါ အဖိုးထိုက်တန်သော ရတနာတစ်ပါးဖြစ်ကြောင်း ဦးလည်မသုန် ယုံကြည်ထားပြီဆိုလျှင် မိမိနှင့် လက်တစ်ကမ်းအကွာမှာ အလွယ်တကူရှိနေသည့် ထိုတရားတော်ကို မိမိ၏ အဇ္ဈတ္တသန္တာန်တွင် အဘယ့်ကြောင့် မတည်စေနိုင်ရမည်နည်း။**

အဘိဓမ္မာ တရားတော်ကို မိမိ၏သန္တာန်တွင် တည်အောင်ပူဇော်ခြင်းဖြင့် ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်အဖြစ် ရပ်တည်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သီတင်းကျွတ်လပြည့်နေ့တွင်ကား အဘိဓမ္မာတရားတော်ကို မြတ်စွာဘုရားက နတ်ပြည်ရှိ နတ်ဗြဟ္မာပရိသတ်အား အကျယ်ဟောခြင်းသည်လည်းကောင်း၊ စန္ဒကူးတောတွင် အရှင်သာရိပုတ္တရာအား အကျဉ်းဟောခြင်းသည်လည်းကောင်း၊ အရှင်သာရိပုတ္တရာက တပည့်ရဟန်းငါးရာအား မကျဉ်းမကျယ် သင်ကြားပို့ချခြင်းသည်လည်းကောင်း အသီးသီးဆုံးခန်း တိုင်ခဲ့ပေပြီ။ ထိုနေ့တွင် မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်သက်ဆင်းတော်မူလာခဲ့၏။ ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ကား မြတ်စွာဘုရားအား လူ့ပြည်မှ မီးမြင်းမိုရ်ပွဲဖြင့် ပူဇော်ကြိုဆိုရာနှင့် အဘိဓမ္မာတရားတော် ဟောကြားပြီးဆုံးခြင်း အထိမ်းအမှတ်အဖြစ် အဘိဓမ္မာအခါတော်နေ့ ကျင်းပပူဇော်ရာ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်သည်။

## အနောက်ဗဟိုလမ်း သံဃာ့ဒါနဆွမ်းလောင်းအသင်း ဝါတွင်းဆွမ်းလောင်းအောင်ပွဲအထိမ်းအမှတ် ဓမ္မပူဇာ အစီအစဉ်

**ရန်ကုန် အောက်တိုဘာ ၂၇**

ဗဟန်းမြို့နယ် ဆရာစံမြောက် အနောက်ရပ်ကွက် အနောက်ဗဟိုလမ်း သံဃာ့ဒါန ဆွမ်းလောင်းအသင်း၏ ဝါတွင်းဆွမ်းလောင်း အောင်ပွဲကို နိုဝင်ဘာ ၁၁ရက် နံနက် ၁၀နာရီတွင် အနောက်ဗဟိုလမ်း ဓမ္မသဘင်မဏ္ဍပ်၌ ကျင်းပမည်ဖြစ်သည်။ ဝါတွင်း ဆွမ်းလောင်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ညစဉ်တရားပွဲများ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၁၂ရက်တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဉာဏဒီပဆရာတော် ဘဒ္ဒန္တ ဦးဇဋိလ (ရန်ကုန်ကျောင်း)က လည်းကောင်း၊ နိုဝင်ဘာ ၁၃ရက်တွင် ဓမ္မာစရိယ ဓမ္မဒူတအရှင်ဉာဏဝုဓေကလည်းကောင်း၊နိုဝင်ဘာ၁၄ရက်တွင် နယ်လှည့်ဓမ္မကထိက ဦးခေမိန္ဒ (ခင်မကန်ကျောင်းတိုက်)က လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် သာသနဓဇ သဒ္ဓမ္မနေပုည သာသနဇောတိပါလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မဒူတ အရှင်ဆေကိန္ဒက လည်းကောင်း၊ နိုဝင်ဘာ ၁၆ရက်တွင် နိုင်ငံတော် ဓမ္မကထိက ဗဟုဇနဟိတဓရ အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယက လည်းကောင်း ညစဉ် ၈နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။**(က-ပ)**



**အောက်တိုဘာ ၂၅ရက်က လူမှုဝန်ထမ်းဦးစီးဌာန မင်္ဂလာတောင်ညွန့် မူလတန်းကြိုကျောင်း ကျောင်းခန်းမဆောင်၌ ကျင်းပသော ရင်သွေးငယ်တို့၏ ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲတွင် အငယ်ဆင့်သီချင်းဆိုပြိုင်ပွဲ၌ မူကြိုကျောင်း သီချင်းဖြင့် ပထမဆုရ မောင်အောင်ခန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်သင်စိန်က ဆုချီးမြှင့်စဉ်။**

(က-ပ)

## ■ ကျောဖုံးမှ

သမဝါယမ ဒေသထွက်ကုန် အရောင်းပွဲတော်တွင် ပြည်နယ်နှင့် တိုင်းသမဝါယမအသင်းများမှ ဒေသထွက်ကုန်ပစ္စည်းများ၊ နိုင်ငံပိုင်အဖွဲ့အစည်းများမှ ထုတ်ကုန်ပစ္စည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့်စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများကို ဆိုင်ခန်းပေါင်း ၂၁၁ခန်း ဖွင့်လှစ်၍ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

### ကချင်ပြည်နယ်ပြခန်း

ကချင်ပြည်နယ်ပြခန်းတွင်ကချင်ရိုးရာပိုးချည်၊ ခေတ်သစ်ကျား/မ လုံချည်မျိုးစုံ၊ ကချင်လွယ်အိတ်၊ လက်ကိုင်အိတ်၊ ပိုးချည်ပဝါ၊ တဘက်မျိုးစုံ၊ ကျောက်စိမ်းထည်မျိုးစုံ၊ ဒေသထွက်လက်မှုအသုံးအဆောင်ပစ္စည်းများ၊ ဒေသထွက် ဆေးဝါးနှင့်ဆေးဖက်ဝင်ပစ္စည်းများ၊ ဂရိတ်ဖရုဖျော်ရည်နှင့် ဆားမုန့်၊ တရုတ်နယ်စပ်ကုန်သွယ်ရေးပို့ကုန် ကြိမ်နမူနာ အမျိုးမျိုးကို ခင်းကျင်းပြသ ရောင်းချနေသည်ကို တွေ့ရသည်။

**စီးပွားဖြစ်စေပြီး နိုင်ငံအကျိုးပြုပြခန်းတစ်ခုကိုလည်း ထူးထူးခြားခြားတွေ့ရသည်။** ဤသည်မှာ ကချင်တိုင်းရင်းဆေးစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ပြခန်းဖြစ်သည်။ အဆိုပါ အသင်း၏ဒါရိုက်တာ ဦးအောင်ထွေးက“ကျွန်တော်တို့အသင်းအနေနဲ့ American Saffron ဆေးပင်စိုက်ပျိုးရေးနဲ့ မျိုးစေ့ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ ဒီဆေးပင်ဟာ လူကြီး၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီး မရွေး ရေနွေးဖြင့် ကျိုသောက်ခြင်း၊ အဖျော်ယမကာတွင် စိမ်သောက်ခြင်းအားဖြင့် နှလုံးသွေး ကြောအဆီမပိတ်ခြင်း၊ ကိုလက်စထရောအဆီကျခြင်း၊ ဗိုက်ရွဲသူများကို ရက်ပိုင်းအတွင်းသိသာစွာ ဗိုက်ချပ်စေခြင်း၊ အရေပြားလှပနုပျိုပြီး အိုမင်းရင့်ရော်ခြင်းကို ထိရောက်စွာ ဟန့်တားပေးခြင်း၊ အကျိုးအာနိသင်ရှိပါတယ်။

ဂျပန်၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့က ထွက်သလောက်ဝယ်ယူနေတဲ့အတွက် နိုင်ငံခြားဈေးကွက်လည်း ရှိပါတယ်”ဟူ၍ အားတက်သရော ပြောပြသည်။

### ကယားပြည်နယ်ပြခန်း

ကယားပြည်နယ် ပြခန်းတွင် ကျောက်ပစ္စည်း၊ အလှပြင်ပစ္စည်းများ၊ ကယားရိုးရာအဝတ်အထည်များ၊ အိမ်သုံးဆေးဝါးပစ္စည်းများ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

### ကရင်ပြည်နယ်ပြခန်း

ကရင်ပြည်နယ်ပြခန်းတွင် ကရင်ရိုးရာအဝတ်အထည်များ၊ တိုင်းရင်းဆေးများ၊ ဒေသထွက်ယိုမျိုးစုံနှင့် မြေပဲဆားလှော်များကို တွေ့ရသည်။ ထူးခြားမှုအနေဖြင့် သစ်ငုတ်နှင့် သစ်သားအဘေးထွက်ပစ္စည်းများမှ ပန်းပုထုတ်လုပ်မှုကို လက်တွေ့ပြသနေသည်ကို တွေ့ရသည်။

### ချင်းပြည်နယ်ပြခန်း

ချင်းပြည်နယ်ပြခန်းတွင် ချင်းရိုးရာဝတ်စုံများ၊ နွားနောက်သားခြောက်၊ ကော်ဖီစေ့၊ ကော်ဖီမှုန့်၊ စပျစ်ရည်၊ ပန်းသီးရည်၊ သံပရာရည်၊ ပျားရည်၊ ပရဆေးမျိုးစုံတို့ကို ပြသရောင်းချပေးနေသည်။

### စစ်ကိုင်းတိုင်းပြခန်း

စစ်ကိုင်းတိုင်းပြခန်းတွင် ကုလားပဲခြမ်း၊ဂျုံခေါက်ဆွဲ၊ပါပလာ၊စီလွန်ကိုက်ထိုးစ၊အမျိုးသားဝတ်အထည်များ၊ ငွေထည်၊ ကြေးထည်ပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ ကြိမ်ထည်၊ ထောပတ်၊ နို့ထွက်ပစ္စည်း၊ ပန်းချီကားချပ်နှင့် ဝါးအနုပညာပစ္စည်းများ၊ ကျား/မစီးဖိနပ်များ၊ မုံရွာပဲဆီသန့်၊ လုံချည်မျိုးစုံ၊ အမျိုးသား၊အမျိုးသမီးဝတ်အထည်များ၊ ဦးထုပ်အမျိုးမျိုးစသည်ဖြင့် စုံလင်စွာရောင်းချပေးနေသဖြင့် ပရိသတ် တိုးမပေါက်အောင် စည်ကားလှသည်။

စစ်ကိုင်းတိုင်းမှ မြေအိုးထုတ်လုပ်မှု၊ ဆန်ကော၊ဆန်ခါ၊ တောင်းရက်လုပ်မှုတို့ကို လက်တွေ့ပြသသည်မှာ စိတ်ဝင်စားစရာကောင်းသည့် ပြကွက်တစ်ခုဖြစ်သည်။

### တနင်္သာရီတိုင်းပြခန်း

တနင်္သာရီတိုင်း ပြခန်းတွင် ယိုမျိုးစုံ၊ ငါးမုန့်၊ ထားဝယ်မုန့်လိပ်၊ ကရမက်၊ တောင်နံကြီး၊ ကရမက် အမွှေးတိုင်၊ ရေထွက်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည်ကိုတွေ့ရသည်။

### ပဲခူးတိုင်းပြခန်း

ပဲခူးတိုင်းပြခန်းတွင် ငါးဖယ်ချဉ်၊ ဝက်အူချောင်း၊ ငါးခြောက်မျိုးစုံ၊ သစ်သားလက်မှုထည်၊ သံသေတ္တာအမျိုးမျိုး၊ လယ်ယာသုံးပစ္စည်းများ၊ အမျိုးသား၊အမျိုးသမီးဝတ်လုံချည်များ စုံလင်စွာရောင်းချပေးလျက်ရှိသည်။

**“ဆီဆိုမကွေး၊ မကွေးဆိုဆီ”** ဆိုသည့် အတိုင်းမကွေးတိုင်းဆီအိုးကြီး ပြခန်းတွင် ပဲဆီ၊နှမ်းဆီစစ်စစ်များကို လိုသလောက်ရောင်းချပေးနေသည်။

### မန္တလေးတိုင်းပြခန်း

မန္တလေးတိုင်းပြခန်းတွင် ရွှေချည်ထိုးလုပ်ငန်းကို လက်တွေ့ပြသပြီး အညာထွက်ကုန်များဖြစ်သည့် မုန့်ဩဇာ၊ မြေပဲပွကြော်၊ ပဲကြော်၊ ပဲလှော်၊ ထန်းလျက်၊ မန်ကျည်းသား၊ အာလူးကြော်၊ စတော်ဘယ်ရီယို၊ မက်မန်းဝိုင်၊ ရှောက်သီးအလုံးပေါင်း၊ စာအုပ်နှင့် စာရေးကိရိယာများ စုံလင်လှသည်ကို တွေ့ရသည်။

### မွန်ပြည်နယ်ပြခန်း

မွန်တို့ဌာနေ ရာမညပြခန်းတွင် လက်သမားသုံးဆောက်၊ ရွှေပေါ်သွား၊ လွန်တိုရှည်မျိုးစုံ၊ မှိုင်းခံရော်ဘာပြားများ၊ ကျွဲကောသီး၊ ဆင်တုံးမနွယ်ဆေး၊တုတ်ကောက်၊ဆေးတံ၊သစ်သားဘောပင်၊ သားရေကွင်း၊ စက်ဘီး၊ ဆိုင်ကယ်ဖင်ထိုင်ခုံ၊ ချည်စောင်၊ လက်သုတ်ပဝါ၊ လွယ်အိတ်အမျိုးမျိုး၊ ရိုးရာဝတ်စုံ၊ငါးနုပ်ခြောက်၊ဒူးရင်းယို၊ ကွမ်းသီး၊ အုန်းထန်းလျက်၊ မြေပဲလိပ်၊ တောင်ထန်းဖျာ၊ ယိုမျိုးစုံတို့ကို ခင်းကျင်းပြသရောင်းချပေးနေသည်။

### ရခိုင်ပြည်နယ်ပြခန်း

ရခိုင်ပြည်နယ် ပြခန်းတွင်မူ ရေထွက်ကုန်ပစ္စည်းမျိုးစုံကို တွေ့ရသည်။ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးမှုန့်၊ စိမ်းစား ငါးပိ၊ ခရုခွံနှင့်ပြုလုပ်ထားသော အလှဆင်ပစ္စည်းများ၊ ပျားရည်၊ ငရုတ်ကောင်းစေ့၊ သဇင်ဥ၊ မျှစ်ခြောက်၊ ရိုးရာဝတ်စုံ၊ အိပ်ရာခင်း၊ ကျောက်ပွင့်၊ ကျောက်ကျော၊ ဒေသထွက်သီးနှံများ၊ဝက်အူချောင်း၊အုန်းဆီတို့ကို ပရိသတ်များနှစ်ခြိုက်စွာဝယ်ယူနေကြသည်ကိုလည်း တွေ့ရသည်။

### ရန်ကုန်တိုင်းပြခန်း

ရန်ကုန်တိုင်းပြခန်းတွင် အဝတ်အထည်အမျိုးမျိုး၊ သားရေအိတ်မျိုးစုံ၊ ဒန်အိုးဒန်ခွက်မျိုးစုံ၊ သစ်အချောထည်၊ လူသုံးနှင့်စားသောက်ကုန်မျိုးစုံ၊ မုန့်မျိုးစုံ၊ သစ်၊ ဝါး၊ ကြိမ်ထည်၊ လက်မှုထည်၊ မျက်မှန်မျိုးစုံ၊ လွယ်အိတ်အမျိုးမျိုး၊ ပရိဘောဂအမျိုးမျိုး၊ စက်မှုထုတ်ကုန်ပစ္စည်းများ၊ စက်နှင့် စက်အရန်ပစ္စည်းများ၊ ပလတ်စတစ်ထုတ်ကုန်၊ ကြွေထည်၊ မြေထည်၊ ဖန်ထည်များ၊ ဓာတ်မြေသြဇာများ၊ ဆပ်ပြာအမျိုးမျိုးကို ပြသထားသည်။

စိန်ရှင် စက်မှုလုပ်ငန်းပြကွက်တွင် သစ်အခြေခံမှ ပရိဘောဂသုံးစက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပုံကိုလည်း ပြသထားသည်။

### ရှမ်းပြည်နယ်ပြခန်း

ရှမ်းပြည်နယ်ပြခန်းတွင် ပလောင်ဂျပ်ခုတ်အထည်ရက်လုပ်မှုကို လက်တွေ့ပြသထားသဖြင့် ပရိသတ်များ စိတ်ဝင်တစားရှိလှသည်။ စောင်၊ ကြက်သွန်ဖြူ၊ ခေါပုတ်၊ မြေပဲဆီ၊ ဝိုင်မျိုးစုံ၊ ယိုမျိုးစုံ၊ အာလူးကြော်၊ ပျားရည်၊ သစ်စေ့၊ ရိုးရာဝတ်စုံ၊ ပန်းဘဲပစ္စည်း၊ တို့ဟူးခြောက်၊ ကြွေမုန့်၊ နန္ဒင်း၊ လက်ဖက်ခြောက်၊ ရှမ်းစက္ကူဂျူး၊ ပဲပုပ်၊ လက်ဖက်စို၊ ဆန်လုံးစီး၊ ကြက်သွန်ဖြူ၊ ရှမ်းဆန်၊ ကော်ဖီမှုန့်၊ လွယ်အိတ်အမျိုးမျိုး၊ တိုင်းရင်းဆေးဝါးများ၊ ယိုမျိုးစုံ၊ ပျားလိမ္မော်၊ မျှစ်ချဉ်ခြောက်၊ ဆွန်တန်ခြောက်၊ ချဉ်စော်ကားသီးယို၊ ချဉ်စော်ကားသီးခြောက်၊ သစ်ကြားသီးတို့ကို ဝယ်ယူအားပေးနေကြသည့် ပရိသတ်မှာ အားစရာ တွေ့ခဲ့ရသည်။

### ဧရာဝတီတိုင်းပြခန်း

ဧရာဝတီတိုင်းပြခန်းတွင် ပုသိမ်ထီးထုတ်လုပ်မှုကို လက်တွေ့သရုပ်ပြသမှုမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ **‘နိုင်ငံ့စပါးကျီတိုင်းဧရာဝတီ’** ဟု ဆိုသည့်အတိုင်း ပြခန်းတွင် ဆန်အမျိုးမျိုး ပြသရောင်းချပေးသည်။ ပုသိမ်ထီး၊ ဗေဒါပစ္စည်းအမျိုးမျိုး၊ သင်ဖျာအမျိုးမျိုး၊ ကြိမ်ထည်၊ ဝါးထည်၊ ကြိမ်၊ ဝါး၊ သင်တို့ဖြင့် ပူးတွဲထုတ်လုပ်သော ပစ္စည်းအမျိုးမျိုး၊ ငါးရံ့ခြောက်၊ ပုစွန်ခြောက်၊ ပုသိမ်ဟလဝါ၊ အုန်းထွက်ပစ္စည်းအမျိုးမျိုးတို့ကို ပြသရောင်းချပေးရာ ဝယ်ယူသူများ တိုးမပေါက်အောင် စည်ကားနေသည်။

ရေနံချောင်းစက်မှုဇုန်မှ ပင်းနံ့သာစက်မှုကုန်ထုတ်သမဝါယမအသင်းက ထုတ်လုပ်သော စတားမော်တော်ဆိုင်ကယ်နှင့် သမဝါယမအသင်းထုတ် မော်တော်ကားများကိုလည်း ပြည်သူတို့ စိတ်ဝင်စားကြသည်။

ဈေးပွဲတော်လာပြည်သူများသည် နိုင်ငံအနှံ့အပြားမှ ဒေသထွက်ကုန်များကို ဈေးနှုန်းချိုသာစွာ တစ်နေရာတည်းတွင် ဝယ်ယူရရှိသဖြင့် အားရကြည်နူးနေကြသည်။

သမဝါယမ ဒေသထွက်ကုန် အရောင်းပွဲတော်သို့ ဈေးဝယ်လာသူ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ကောလိယလမ်းမှ မတင်ယုခိုင်က **“ဈေးသက်သာတယ်၊ စိတ်ကြိုက်ဝယ်ယူနိုင်တယ်၊ ဒါကြောင့် ဒီလိုဈေးပွဲတော်မျိုး နေရာအနှံ့ကျင်းပပေးစေချင်ပါတယ်၊ ဈေးဝယ်ရတာလည်း စိတ်ချမ်းသာတယ်၊ ပျော်ရွှင်ပါတယ်”**ဟု စကားလက်ဆောင်ပါးသွားပါသည်။

စင်စစ်သမဝါယမဒေသထွက်ကုန်အရောင်းပွဲတော်သည် လိုချင်သော ပစ္စည်းများကို တစ်နေရာတည်းတွင် ဈေးနှုန်းချိုသာစွာဖြင့် စိတ်ကြိုက်ဝယ်ယူနိုင်သော ဈေးပွဲတော်ဟု ဆိုချင်ပါသည်။ ။

**(မြန်မာ့အလင်း)**



**ဖွင့်လှစ်ပေး**

**အောက်တိုဘာ ၂၆ ရက်က သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း သမဝါယမ ဒေသထွက်ကုန်အရောင်းပွဲတော် ဖွင့်ပွဲဆိုင်းဘုတ်ကို ဤသို့ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။**

(သတင်းစဉ်)



**သမဝါယမဒေသထွက်ကုန် အရောင်းပွဲတော်တွင် ဝယ်ယူသူများဖြင့် စည်ကားနေစဉ်။**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

## နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ချက်သမ္မတနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၈**

၂၀၀၄ ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ စီရဲ(လ်)၊ စဗိုဘိုဒါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## အလုပ်သမားဝန်ကြီးဌာနဝန်ထမ်းမိသားစု ဆွမ်းဆန်တော်လှူဒါန်းပွဲဝန်ကြီးနှင့်ဇနီးတက်ရောက်

**ရန်ကုန် အောက်တိုဘာ ၂၇**

အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းနှင့်ဇနီး ပါမောက္ခ ဒေါ်ခင်နု တို့အားအမှူးထား၍ အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၄ရက် နံနက် ၉နာရီတွင် တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိ စာသင်တိုက်၌ လည်းကောင်း၊ ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်တွင် နံနက် ၁၁နာရီ၌လည်းကောင်းကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့်ဇနီး ပါမောက္ခ ဒေါ်ခင်နု၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ဇနီး ဒေါ်ဝေဝေသင်း၊ အလုပ်သမား ဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် ဇနီးများ၊ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဆွမ်းဆန်တော်အလှူမင်္ဂလာတွင် ဆွမ်းဆန်တော်အိတ် ၁၁၀ နှင့် ဆွမ်းပစ္စည်းအလှူအတွက် စုစုပေါင်းငွေကျပ် ၁၁၈၇၅၀၀ တန်ဖိုးလှူဒါန်းရာ ငွေကြာရံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတ ဆရာတော်နှင့် စာချဆရာတော် ဘဒ္ဒန္တဓမ္မဒိန္န(ဒီဃဘာဏက ဓမ္မာစရိယ) ဆရာတော်တို့က အနုမောဒနာ တရားတော်နှင့် ရေစက်ချတရားတို့ကိုလည်းကောင်း၊ ပဥ္စနိကာယ သာသနာ့ ဗိမာန်ကျောင်းတိုက်ပဓာန နာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသနှင့် စာချဆရာတော် ဦးပညာသီဟာဘိဝံသ ဆရာတော်တို့ထံမှ အနုမောဒနာ တရားတော်နှင့် ရေစက်ချတရားတော်တို့ကိုလည်းကောင်း နာကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## အလွတ်တန်း ဘော်လီဘောပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသားအမျိုးသမီးအလွတ်တန်း ဘော်လီဘောပြိုင်ပွဲကို နိုဝင်ဘာ ၇ရက်မှ၁၃ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၄ရက် မွန်းလွဲ ၁နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ပြိုင်ပွဲပွဲစဉ်များကို မဲနှိုက်ရေးဆွဲမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများ၏ အုပ်ချုပ်သူများ အဆိုပါမဲနှိုက်ရေးဆွဲပွဲသို့ မပျက်မကွက်တက်ရောက်ရန် အဖွဲ့ချုပ်က နှိုးဆော်ထားကြောင်းသိရသည်။

**(က–ပ)**

## ညောင်သုံးပင်ပရိယတ္တိစာသင်တိုက် ပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၁လမ်းရှိ ညောင်သုံးပင် ပရိယတ္တိစာသင်တိုက်၌ ရပ်ကွက်အတွင်းရှိ သက်တော်(၇၅)နှစ်အထက် ဆရာတော်ကြီးလေးပါး၊ ရွာမပရိယတ္တိစာသင်တိုက်မှ ဆရာတော်ကြီးသုံးပါး စုစုပေါင်းခုနစ်ပါးတို့အား အာစရိယပူဇာမင်္ဂလာနှင့် စာအောင်သံဃာ ဂုဏပူဇာမင်္ဂလာပွဲသဘင် အခမ်းအနားကို အောက်တိုဘာ ၂၄ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဘုရင့်နောင်ဈေးမှ ဦးအကျင်း-ဒေါ်ချောစုမြတ်၊ သား သီဟသူကျင်းမိသားစု၊ ဦးလှမြင့်- ဒေါ်သန်းသန်းအေးမိသားစု၊ ဦးမြင့်သန်း-ဒေါ်တင်တင်ဝင်းမိသားစုတို့က နေ့ဆွမ်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးက ငါးပါးသီလချီးမြှင့်ပြီး သမိုင်း(၁)ရပ်ကွက် ဓမ္မမဠ္ဍရီကျောင်း ဆရာတော်ကြီးက ရေစက်ချတရား ဟောကြားချီးမြှင့်တော်မူကြောင်း သိရသည်။ **(က-ပ)**





## တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်အတွင်းရှိလမ်းများ အဆင့်မြှင့်တင်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၇

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းဖြစ်သည့် မြို့တော်အတွင်းရှိလမ်းများ အဆင့်မြှင့်တင်ပြုပြင်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြကာ** (အပေါ်ပုံ) **တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြသည်။**

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၇ နာရီတွင် ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း တစ်လျှောက်၌ စက်ယန္တရားများဖြင့် နိုင်လွန် ကတ္တရာခင်းနေမှုနှင့် ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ နိုင်လွန်ကတ္တရာခင်းပြီးလမ်းများ၌ ဆေးဆိုးစက်ကိရိယာဖြင့် ယာဉ်ကြောပြ အမှတ်အသားများ ဆေးရေးဆွဲနေမှု အခြေအနေများကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်း၊ ပုဂံလုံးကျွန်းရှေ့၌ စက်ယန္တရားများဖြင့် နိုင်လွန် ကတ္တရာခင်းနေမှုအခြေအနေများကိုလည်း ကောင်း၊ ကန်တော်ကြီးဥယျာဉ်အတွင်း ပုဂံလုံးကျွန်း၌ လူလျှောက်လမ်းများ ဆောင်ရွက်နေမှု၊ Timber Walk Way တည်ဆောက်နေမှု၊ ပုဂံလုံးကျွန်းနှင့်ခေမာဒီပကျွန်းတို့ကို ဆက်သွယ်သည့်ကျွန်းကူးသစ်သား တံတားများ တည်ဆောက်ပြီးစီးမှု၊ ရေလယ်နားနေဆောင် တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ ကန်ပတ်လမ်း၊ ကန်တော်ကြီး ဥယျာဉ်ရှေ့ လူသွားစင်္ကြံ များ၌ကွန်ကရစ်ကျောက်ပြားများဖြင့်အသစ်လဲလှယ်ခင်း ကျင်းနေမှု၊ ကတ်တုံးများအသစ်တပ်ဆင်နေမှု၊ လမ်းလယ်ကျွန်းများ၌ အမြင်တင့်တယ်စေရေး တော်ဝင်အုန်းပင်များနှင့် မြက်ခင်းများ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန လမ်း/တံတားဌာနမှူး ဦးဗိုလ်ဌေးနှင့်တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### လိုအပ်သည်များဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ယခုအခါ ရာသီဥတုသာယာလာပြီဖြစ်၍ မြို့တော်အတွင်းရှိလမ်းများ၌ နိုင်လွန်ကတ္တရာခင်းခြင်း၊ လူသွားစင်္ကြံ များ ကွန်ကရစ် ကျောက်ပြားများခင်းကျင်းခြင်း၊ ထပ်ပိုးကတ္တရာခင်းခြင်း လုပ်ငန်းများ အပြင် ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်အဟုန်ဖြင့်ဆောင်ရွက်ကြရန် မှာကြားကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

**အဋ္ဌမအကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ရက် နံနက် ၈နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်ကြည့်ရှု အားပေးသည်။**

### တက်ရောက်

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၏ ဇနီး ဒေါ်ခင်လှလှ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့်ဇနီး၊ ပြည်ထဲရေး ဝန်ကြီးဌာန အားကစားကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၊ ဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အမျိုးသားဗိုလ်လုပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက အကျဉ်းဦးစီးဌာနအသင်းကိုလည်းကောင်း၊ အမျိုးသမီးဗိုလ်လုပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းကိုလည်းကောင်း အသီးသီး အနိုင်ရဗိုလ်စွဲ သွားကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးတံခွန်စိုက်ဒိုင်း ရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်ခင်လှလှကလည်းကောင်း၊ အမျိုးသား တံခွန်စိုက်ဒိုင်းရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်ကလည်းကောင်း၊ အမျိုးသား၊အမျိုးသမီးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ ရရှိသော အသင်းများနှင့် အကောင်းဆုံးအားကစားသမား ဆုရရှိသူများအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် တာဝန်ရှိသူများက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

## အရှင်အာစာရလင်္ကာရ တရားပွဲ

**ရန်ကုန် အောက်တိုဘာ ၂၇**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် အောက်တိုဘာ ၂၈ ရက် နေ့လယ်နှင့်ညတွင် ရွှေဘိုရွှေတန်ဆာဘုရား၊ ၂၉ရက်နံနက်တွင် ရွှေဘို တအုံရွာ၊ ညတွင် မန္တလေးမြို့ ကိုးလုံးဒကာဘုရား၊ ၃၀ရက်ညတွင် မုံရွာမြို့ ဘုန်းစိုးကျောင်းတိုက်၊ နိုဝင်ဘာ ၁ ရက် တောင်ဒဂုံ (၇၁)ရပ်ကွက် မင်းရဲကျော်စွာလမ်း အပိုင်း(၃)မိသားစု ဆွမ်းလောင်းအောင်ပွဲ၊ နိုဝင်ဘာ ၂ ရက်နှင့် ၃ရက်တို့တွင် စမ်းချောင်း မြေနီကုန်း ဓမ္မာရုံတော်ကြီး၊ ၅ရက် နေ့လယ်နှင့်ညတွင် ရွှေဘို ရွှေတန်ဆာဘုရား၊ ၇ရက်တွင် စစ်ကိုင်း ရွှေမြင်းမိုရ် (၃၆)ကြိမ် သိင်္ကာထပ်နှင့် ကထိန်ပွဲ၊ ၁၁ရက် နေ့လယ်နှင့်ညတွင် ရွှေဘို ရွှေတန်ဆာဘုရား၊ ၁၃ရက်တွင် မန္တလေးမြို့ သစ်လွင်ဓမ္မာရုံ၊ နိုဝင်ဘာ ၁၅ရက်နှင့်၁၆ရက်တွင် သာကေတ (၃)ရန်ပြေ မာဃဆွမ်းလောင်းအသင်း ဓမ္မာရုံ၊ ၁၇ရက်နှင့် ၁၈ရက် တို့တွင် စမ်းချောင်း စစ်ကိုင်းလမ်း လင်းလွန်မြောက်ရပ်ကွက် ဆွမ်းသိမ်းပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**



## ပဲခူးအထက(၂)အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

ပဲခူးမြို့ အထက(၂) ကျောင်းသားကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲကို(၁၃၆၆ခုတန်ဆောင်မုန်းလပြည့်ကျော် ၂ရက်) နိုဝင်ဘာ၂၈ရက် တနင်္ဂနွေနေ့နံနက် ၉နာရီတွင် အထက(၂) ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်နှင့် ပူဇော်ပွဲအတွက်လှူဒါန်းလိုပါက ဦးကျော်အေး(ကျောင်းအုပ်ဆရာကြီး)၀၅၂-၂၁၂၀၉၊ ဦးအောင်ကြည်စိုး၊ ရန်ကုန် ၀၁-၂၅၂၀၃၉၊ဦးမောင်မြိုင် ၀၁-၅၁၃၅၆၁၊ ဦးမြအေး ၀၅၂-၂၃၈၉၂နှင့် ဦးထွန်းမင်း ၀၅၂-၂၂၈၃၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**အောက်တိုဘာ ၂၅ရက်က လှိုင်သာယာမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်** HIV/ AIDS **ကာကွယ်ရေး ပညာပေးနည်းပြ သင်တန်းဖွင့်ပွဲ အခမ်းအနားကို နဝဒေးဥယျာဉ်အိမ်ရာ ရေကူးကန် ရိပ်သာတွင် ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း အမှာစကား ပြောကြားစဉ်။** (၁၈၀)



**အောက်တိုဘာ ၂၂ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၉) ရပ်ကွက် "ရောင်နီ" ကိုယ့်အားကိုယ်ကိုးစာကြည့် တိုက်ဖွင့်ပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်လွင်၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝေ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (က-ပ)

**အောက်တိုဘာ ၁၉ရက်က စမ်းချောင်း(မြောက်) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ဝင်းဝင်းဌေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)



28-10 (12).p65 1 25.03.1905, 5:29 PM

# မဟာသက္ကျမုနိရုပ်ပွားတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အထူးတရားပွဲဖိတ်ကြားလွှာ

**'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား' ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။**

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာနာကြားရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍-ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသက္ကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သောမနသီ၊ ရွှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

| ဟောကြားမည့်ဆရာတော်ကြီးများ | ဟောကြားမည့်နေ့ရက် | အထူးတရားပွဲအစီအစဉ် |
|---|---|---|
| စစ်ကိုင်းတောင်ရိုး၊ သဒ္ဓမ္မသီတဂူချောင်၊ ဓမ္မကထိက ဗဟုဇန ဟိတရေ၊ သီတဂူကြယ်တစ်ပွင့်၊ အရှင်ပညာနန္ဒ | ၁၃၆၆ ခု သီတင်းကျွတ်လပြည့် ကြာသပတေးနေ့ (၂၈-၁၀-၂၀၀၄) | **ကျင်းပမည့်နေ့ရက်** ၁၃၆၆ ခု သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော်(၇)ရက်နေ့ ၂၀၀၄ခုနှစ် အောက်တိုဘာ(၂၈)ရက်နေ့မှ နိုဝင်ဘာ(၄)ရက်နေ့ထိ |
| တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက- အဂ္ဂမဟာအကျော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယော)ဆရာတော် | ၁၃၆၆ ခု သီတင်းကျွတ်လပြည့်ကျော်(၁)ရက် သောကြာနေ့ (၂၉-၁၀-၂၀၀၄) | |
| အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ (မုံလယ်ဆရာတော်) | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၂)ရက် စနေနေ့(၃၀-၁၀-၂၀၀၄) | |
| တိပိဋက ပါဠိပါရဂူ၊ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ (ဒဂုံမြို့သစ်တောင်ပိုင်း၊ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံစာသင်တိုက်ကြီး၏ပဓာနနာယက) ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၃)ရက် တနင်္ဂနွေနေ့ (၃၁-၁၀-၂၀၀၄) | **ကျင်းပမည့်နေရာ** မဟာသက္ကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိ တန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ |
| ဘဒ္ဒန္တ ကောသလ္လ (မုဒုံဆရာတော်) | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၄)ရက် တနင်္လာနေ့ (၁-၁၁-၂၀၀၄) | |
| ပထမကျော် - ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၅)ရက် အင်္ဂါနေ့ (၂-၁၁-၂၀၀၄) | |
| ဓမ္မကထိက ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ - ဓမ္မဒူတ အရှင်ဆေကိန္ဒ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ မဟာပဋိပတ္တိဌာန၊ ကထိက) | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၆)ရက် ဗုဒ္ဓဟူးနေ့ (၃-၁၁-၂၀၀၄) | **ကျင်းပမည့်အချိန်** ညစဉ်(၇)နာရီ |
| စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ၊ မဟာဓမ္မကထိက ဗဟုဇနဟိတရေ၊ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt) | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၇)ရက် ကြာသပတေးနေ့ (၄-၁၁-၂၀၀၄) | |

## ဗဟိုအလုပ်အမှုဆောင်ဦးသိန်းစိန် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒဟောပြောပို့ချ

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန်သည် ယနေ့မွန်းလွဲ၁နာရီမှ ၄နာရီအထိ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ပြုလုပ်သော စည်းရုံးရေးအခြေခံသင်တန်းသားသင်တန်းသူ၇၃ဦးတို့အား နိုင်ငံတော်မူဝါဒများ မှန်ကန်ပုံနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်လျက်ရှိပုံတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့်ဟောပြောပို့ချသည်။

**(သတင်းစဉ်)**

## ချမ်းမြေ့မြိုင်ကျောင်း ဘုံကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

ပုလဲမြို့သစ် ချမ်းမြေ့မြိုင်ကျောင်းတွင် သတ္တမအကြိမ် ဘုံကထိန်သင်္ကန်းလှူဒါန်း ဆက်ကပ်ပွဲနှင့် သစ္စာဂုဏ်ရည်အမျိုးသမီး ယောဂီဆောင်ရေစက်ချလှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ရက် (အောက်တိုဘာ ၃၀ ရက်) စနေနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ လာရောက် ကြည်ညိုသဒ္ဓါပွားနိုင်ကြောင်းသိရသည်။

**(က-ပ)**

ဂျာနယ်

ပြည်သူလူထုအားလုံးအတွက် လေ့ကားအဖြစ်၊ ပေါင်းကူးတံတားအဖြစ်၊ ပြတင်းတံခါးအဖြစ်၊ ကြည်လင်ချမ်းမြေ့စေသော ပန်းဥယျာဉ်တစ်ခုအဖြစ် ဒို့ကျေးရွာစာတည်းအဖွဲ့၏ စေတနာကို ဆက်လက်ထွက်ပေါ်လာမည့် ဂျာနယ်များက သက်သေပြသွားပါလိမ့်မည်။

အတွဲ (၁)၊ အမှတ် (၁)၊ ၂၀၀၄ခုနှစ်၊ နိုဝင်ဘာလ(၁) ရက်၊ တနင်္လာနေ့

ထွက်ပါပြီ

**အောက်တိုဘာ ၁၈ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် သီလရှင် ဒေါ်ခေမာစာရီ၊ မိခင်ကြီး ဒေါ်ခင်လှ၊ သား ဦးစိုးနိုင်-ဇနီး ဒေါ်တင်တင်နွယ်၊ သမီး မောင်သိန်းနိုင်-မဝေဖြိုးဦး၊ သားမောင်ဖြိုးသိန်းကျော် မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို အတွင်းရေးမှူးဦးမောင်မောင်မြင့်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)**



## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ ခုနှစ် အောက်တိုဘာလအတွက်**
**နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၃၁-၁၀-၂၀၀၄ရက်နေ့**
**၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွက်**
**(၁၄-၁၁-၂၀၀၄)ရက်နေ့နှင့် (၂၈-၁၁-၂၀၀၄)ရက်နေ့**

# ကမ္ဘာတစ်လွှား အားကစား

## ဟဲဗီးဝိတ်ချန်ပီယံလက်ဝှေ့ပြိုင်ပွဲ ဗီတာလီနှင့်ဝီလျံထိုးသတ်ကြမည်

**လန်ဒန် အောက်တိုဘာ ၂၇**

ကမ္ဘာ့လက်ဝှေ့ကောင်စီ(ဒဗလျူဘီစီ)က ဟဲဗီးဝိတ်ချန်ပီယံဗီတာလီကလစ်ရှက်ကိုသည် လက်စ်ဗီးဂတ်စ်မြို့၌ ဗြိတိန်နိုင်ငံသားဒန်နီဝီလျံနှင့် ထိုးသတ်ရာတွင် သူ၏ သရဖူကို ကာကွယ်လိမ့်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးအဖွဲ့က အင်္ဂါနေ့၌ ပြောကြားသည်။

ယင်းလက်ဝှေ့ပွဲကို လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ကျင်းပရန် အတည်ပြု လိုက်ပြီဖြစ်ရာ လက်စ်ဗီးဂတ်စ်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း နယူးယောက်မြို့မှ ပြိုင်ပွဲကျင်းပမည့်သူများ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဗြိတိသျှနှင့်ဥရောပချန်ပီယံဟောင်း ဝီလျံသည် ရုလိုင်လက ချန်ပီယံဟောင်း မိုက်တိုင်စန်အား စတုတ္ထအချီတွင် အလဲထိုးခဲ့ပြီးနောက် သူ၏ လက်ဝှေ့သမားဘဝ အကြီးမားဆုံး အောင်မြင်မှုမှသည် နောက်ထပ် ချန်ပီယံဘွဲ့တစ်ခုကို ထပ်ယူရန် စိတ်အား ထက်သန်နေသူဖြစ်သည်။

"ဗီတာလီက ကျွန်တော့်ကို စိန်ခေါ်ခြင်းဟာ မဟာအမှားတစ်ခု လုပ်ခဲ့ခြင်းဖြစ်သည်"ဟု ဝီလျံက ပြောဆိုသည်။

အင်္ဂလန်သို့ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကိုပတ်၍ အချိန်မီပြန်လာမည်ဟု ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



**အောင်ပွဲခံ**

ဗီတာလီကလစ်ရှက်ကိုက လော့အိန်ဂျလိစ်မြို့၌ ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံခါးပတ်ကို ကိုင်မြှောက်၍ ဤသို့အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

## ရီးရဲမက်ဒရစ်အတွက် မိုက်ကယ်အိုဝင်၏တတိယဂိုး

**မက်ဒရစ် အောက်တိုဘာ ၂၇**

ရီးရဲမက်ဒရစ် တိုက်စစ်မှူးမိုက်ကယ်အိုဝင်သည် သုံးပွဲကစားရာတွင် သူ၏ တတိယမြောက်ဂိုးကို ရီးရဲမက်ဒရစ်အသင်းအတွက် ထပ်မံသွင်းပေးနိုင်ခဲ့သည်။ အင်္ဂါနေ့က စပိန်ဘုရင့်ဖလားပြိုင်ပွဲအဖြစ် လီဂန်နီအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် သူ၏တတိယမြောက်ဂိုးကို သွင်းခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဖာနန်ဒိုမိုရီယန်တေးစ်က ယခုနှစ်ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် သူ၏ ပထမဆုံးဂိုးကို ယင်းပွဲတွင် မိုက်ကယ်အိုဝင်နောက်မှ လိုက်ကာသွင်းယူခဲ့သည်။

မိုက်ကယ်အိုဝင်သည် ချန်ပီယံလိဂ်တွင် ဒီနာမိုကိယက်ဗ်နှင့်ကစားရာ၌ တစ်ဂိုး၊ လာလီဂါတွင် ဗလင်စီယာနှင့်ကစားရာ၌တစ်ဂိုးနှင့် ယခုပြိုင်ပွဲတွင် တစ်ဂိုးသွင်းပေးနိုင်ခြင်းဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ**



## ပြန်လည်ပေးအပ်

ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဒေါ်နိုင်နိုင်မော်နှင့်မောင်နှမတစ်စုက အလှူငွေကျပ် တစ်သိန်းငါးထောင်ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က–ပ)



## ဒိုက်ဦး ဘုရားငုတ္တိုရွာ အခြေခံပညာမူလတန်းကျောင်းလှူဒါန်းပွဲနှင့် ဖွင့်ပွဲကျင်းပ

**ဒိုက်ဦး အောက်တိုဘာ ၂၂**

ဒိုက်ဦးမြို့နယ် ဘုရားငုတ္တိုရွာ အခြေခံပညာမူလတန်းကျောင်း လှူဒါန်းပွဲနှင့် ဖွင့်ပွဲကို အောက်တိုဘာ ၁၄ ရက်က ကျင်းပရာ အလှူရှင်ဂျပန်နိုင်ငံမှ မစ်(စ်)နာကာစုယစုကိုနှင့် မစ်(စ်)ရှိဘာစာကိယုမိနှင့်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံ ဟီတကျူးရှူး၊ ကမ္ဘာအေးဘုရား မြန်မာကျောင်းဆရာတော် ဦးသုစိဏ္ဏ၊ ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးညွှန့်၊ ဒိုက်ဦးမြို့နယ်ပညာရေးမှူး ကျောင်းအုပ်ဆရာကြီးဦးအောင်ချစ်တင်၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**အမှတ်တရ**

အခမ်း အနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးညွှန့်က အမှာစကားပြောကြားပြီး ကျောင်းအလှူရှင်များဖြစ်ကြသော ဂျပန်နိုင်ငံမစ်(စ်)နာကာစုယစုကိုနှင့် မစ်(စ်)ရှိဘာစာကိယုမိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလှူရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ ကျောင်းရှေ့တွင် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)** **(က–ပ)**

## အရုဏ်ဆွမ်းလောင်းလှူ

**အောက်တိုဘာ ၂၁ ရက်က ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက် အသီးသီး၌ဝါဆိုကြသောသံဃာတော်အပါး ၂၄၀၀ နှင့် ကုလဝိသေ စာသင်တိုက်မှ သီလရှင်အပါး ၈၀ တို့အား ရွှေမုဋ္ဌောဘုရားအရှေ့ ဒေါ်လှယဉ်မွှာရုံမြို့မဆွမ်းလောင်း အသင်းတွင် ဦးဇော်ဘောင်း–ဒေါ်ဖြူဖြူအောင် (ပုသိမ် ဂေါက်ကလပ် စားတော်ဆက်)မိသားစုက ကျပ်နှစ်သိန်း ငါးသောင်းတန် အရုဏ်ဆွမ်း လောင်းလှူကြစဉ်။ (က–ပ)**



## မင်းဘူး(စကု)တွင် အခြေခံပညာမူလတန်းကျောင်းဖွင့်လှစ်

**မင်းဘူး (စကု) အောက်တိုဘာ ၂၂**

မကွေးတိုင်း မင်းဘူး (စကု)မြို့နယ် လေးအိမ်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ရက်က ကျင်းပရာ မင်းဘူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်နှင့် တိုင်းပညာရေးမှူးဦးအောင်ချိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ခရိုင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** မူလတန်းကျောင်းနှင့် ပတ်သက်၍ ကျောင်းဖြစ်မြောက်ရေးအဖွဲ့ နာယက၊ မကွေးမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဦးကဥ္စန၊ တိုင်းပညာရေးမှူး ဦးအောင်ချိန်၊ ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချောင်းတို့က ကျောင်းနှင့် ပတ်သက်သည်များ ရှင်းလင်းပြောကြားကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်တင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၄၀၇)**



## ပေါက်ခေါင်းစည်ပင် ကျေးလက်လမ်းပြုပြင်

**ပေါက်ခေါင်း အောက်တိုဘာ ၂၅**

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးသိန်းနိုင်တို့သည် အောက်တိုဘာ၁၀ရက်က သိုက်ကျင်းမကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ တာကောက်–သိုက်ကျင်းမလမ်း အရှည်ပေ ၅၂၀၀၊ အကျယ် ၁၂ ပေကို မြေနီဂဝံခင်းလမ်း ပြုပြင်ခြင်း လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

## ကွင်းဆင်းစစ်ဆေး

**ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့်အဖွဲ့ မြဝတီမြို့နယ် အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့်အတူ အောက်တိုဘာ ၁၀ ရက်က ဘုရင့်နောင်ဈေးအတွင်း မီးဘေးလုံခြုံရေး ဆောင်ရွက်မှု အခြေအနေများ ကွင်းဆင်းစစ်ဆေးကြစဉ်။**

(မြို့နယ်စည်ပင်)



**ကျိုင်းတုံမြို့ ဈေးတန်း ကြီး လမ်း၊ ကောက် ကော့ လမ်းနှင့် နောင်တုံ ကန်ပတ် လည် လမ်း ပေါက် ဖာ ခြင်း လုပ်ငန်းကို အောက်တိုဘာ ၂ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင် ရွက် မှု ကို အမှုဆောင် အရာရှိ ဦး ခင် ကျော် နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဘုဏ်ထွန်း တို့ ကြီးကြပ် ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



## စုပေါင်းဆောင်ရွက်

**အောက်တိုဘာ ၁၇ ရက်က ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ အဖွဲ့ပိုင်ဈေးနောက် ရေနုတ်မြောင်းကို ရေစီးရေလာကောင်းမွန်ရန် စုပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



## သနပ်ပင်မြို့နယ်တွင် အလကကျောင်း(ခွဲ)ဖွင့်

**သနပ်ပင် အောက်တိုဘာ ၂၀**

သနပ်ပင်မြို့နယ် ခလပ်စုကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ ပဲခူးတိုင်းလက်ထောက်တိုင်းပညာရေးမှူး(စီမံ) ဦးသိန်းလှိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးဝင်းမြင့်ထူးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)**အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်ကို ပဲခူးမြို့ရတနာမာန်အောင်ကျောင်းဆရာတော် ဘဒ္ဒန္တ သုဇာတက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးဦးဇော်သောင်းနှင့် တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**



### တက္ကသိုလ်ဝင်းသချင်းမိသားစု၏ အာစရိယပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ်ဝင်းသချင်းဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီးဆရာ/ဆရာမများအား သချင်းကျောင်းသား/သူဟောင်းများ၏ သဥ္ဇာမအကြီးပိုင်းကြောက် အာစရိယပူဇော်ပွဲကို ၄-၁၂-၂၀၀၄ (စနေနေ့) နံနက် (၉း၀၀) နာရီတွင် တက္ကသိုလ်များမှ ကျင်းပမည် ဖြစ်ပါသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်၍ စုစည်းလှူဒါန်းနိုင်ပါကြောင်းနှင့် ကျောင်းသား/သူဟောင်းများ အားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၁။ ဒေါက်တာခင်အေးအေး ၅၂၈၂၅၀
၂။ ဒေါက်တာမောင်ကြည် ၅၇၂၂၉၉
၃။ ဦးမောင်ဝင်း၊ ၀၉-၅၀၈၅၃၀၀
၄။ ဦးမျိုးဝင်း၊ ၀၉-၅၀၁၆၉၀
၅။ ဦးမောင်မြင့် (သိပ္ပံကျော်) ၂၈၇၆၀၆
၆။ ဦးကြည်ဝင်း (ဆရာမူ) ၀၉-၅၀၁၃၇၇
၇။ ဦးမောင်မင်းလွင် ၀၉-၅၀၀၄၇၈၆

## ဗန်းမော် အထက(၄) ရွှေရတုသဘင်ကျင်းပမည်

ဗန်းမော် အထက(၄)၏ သက်တမ်းသည် ၁၉၅၄-၂၀၀၄ အနှစ်(၅၀)ပြည့်ပြီဖြစ်၍ ၂၀၀၄ ခုနှစ်ဒီဇင်ဘာ ၃ရက်တွင် ရွှေရတုသဘင်ကျင်းပမည်။ အထက (၄)တွင် တာဝန်ထမ်း ဆောင်သွားကြသော ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲကျင်းပခြင်း၊ ရွှေရတုအထိမ်းအမှတ် အဆောင်သစ်ဆောက်လုပ်ရန် ငွေပဒေသာပင်လှူဒါန်းခြင်းများကို ပြုလုပ်မည်ဖြစ်ပါသည်။ ရပ်နီးရပ်ဝေး ကျောင်းသူ၊ ကျောင်းသားဟောင်းများ အားလုံး ပါဝင်လှူဒါန်းကြပါရန် အကြောင်းကြားပါသည်။ ဆက်သွယ်ရန်လိပ်စာ- ဒေါ်ဝင်းရွှေ-ဖုန်း-၀၇၄-၅၀၆၀၉၊ ဦးစံမြိုင်-၀၇၄-၅၀၁၃၆၊ ဦးတင်ကော့ ၀၇၄-၅၀၃၉၆၊ ဦးအေးကျော် ၀၇၄-၅၀၇၃၉။

## (၁)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း ဟိဏ်းထွဋ်အောင်(ခ)လပြည့်ဝိုင်း

ချစ်သားလေး လပြည့်ဝိုင်း၏ သီတင်းကျွတ်လပြည့်နေ့တွင် ကျရောက်သော (၁)နှစ်ပြည့် မွေးနေ့မှသည် နှစ်ပေါင်း (၁၂၀)တိုင် ဖေဖေ၊ မေမေတို့နှင့်အတူ ပျော်ရွှင်ဖွယ် မွေးနေ့ပေါင်းများစွာကို ဖြတ်သန်းနိုင်ပြီး လိမ္မာထူးချွန် ထက်မြက်သည့် သားလေးဖြစ်ပါစေ။

ချစ်ဖေဖေ - ဦးတက်ထွဋ်အောင် (မြို့နယ်အခွန်ဦးစီးမှူး၊ရန်ကင်း)
ချစ်မေမေ - ဒေါ်ခင်တိုးတိုးစိန် (J.A.T အလက(၅)လှိုင်သာယာ)
ဘိုးဘိုး - ဦးအောင်သိ၊ ဦးခင်မောင်ထွဋ်
ဘွားဘွား - ဒေါ်ဝိုင်းစိန်၊ဒေါ်နုနုရီ
တီတီများ - မိုးမိုး၊ စိုးစိုး၊ အေးသီ
ဦးဦးများ - ကိုမဲ၊ ကိုပေါက်၊ကိုငှက်၊ ကိုဖိုးသားကြီး၊ ကိုထွန်းနိုင်၊ ကိုယုမော်
မမ - အင်ကြင်းကိုကို။




## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ဓာတ်ငွေ့စက်ရုံအတွက် အောက်ပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

| ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါပိတ်မည့်ရက်/အချိန် |
|---|---|---|
| Cooling Tower Model: CB2-D200(or) Equivalent Type | 1 Unit | ၈-၁၁-၂၀၀၄ (မွန်းတည့် ၁၂း၀၀နာရီ) |

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ်- ၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။ **မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။**

## မာလာတင်
## အမျိုးသမီးကိုယ်ကာယအလှသင်တန်း

**စာရင်းလက်ခံပြီ**
၁-၁၂-၂၀၀၄ ရက် စမည်
စုံစမ်းချိန် နံနက် (၉)နာရီမှ ညနေ (၆)နာရီအတွင်း

**လူဦးရေကန့်သတ်သည်**
အမှတ်၂၉၇အခန်း(၆)
မဟာဗန္ဓုလပန်းခြံလမ်း
ဖုန်း- ၃၇၉၇၃၅၊ ၃၈၄၉၂၄။

## ဆက်သွယ်ပါ

ဗဟန်း၊ သုဝဏ္ဏ၊ ပါရမီဘောက်ထော်ရှိ အိမ်၊ခြံ၊မြေများ ရောင်းဝယ် ငှားလိုပါက ဆက်သွယ်ပါ။

**ဖုန်း- ၇၂၇၂၂၁၊ ၅၈၄၉၁၉၊ ၀၉-၅၀-၀၆၇၈၂။**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း

MFE

### လင်းဇင်းဆေးတောင့်

အရွမ်းထက်သော ကိုရီးယား ဂျင်ဆင်းဆေးမြစ်နှင့် အရွမ်းထက်သော တရုတ်လင်းဇီးမှိုတို့ကို အချိုးကျ ပေါင်းစပ်ထုတ်လုပ်ထားသည့်အတွက် သွေးတိုး နှလုံး အသည်းရောဂါများကို ကာကွယ်ပျောက်ကင်းစေနိုင်သည့်အပြင် စိတ်ဖိစီးမှုဒဏ်ကို သက်သာမှုရရှိစေနိုင်ပြီး အဘကာအဘမကာများအတွက်လည်း အမေလုံ သက်တံ့ကောင်းစေသော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။



### လင်းဇီးချောင်းဆိုးပျောက်ဆေးရည်

တုတ်ကျောချောင်းဆိုးရောဂါနှင့်အတူ မှုတ်ပွဲပြီးပြင်းထန်သော ချောင်းဆိုးရောဂါအတွက် အထူးစီမံထုတ်လုပ်ထားပါသည်။



### ဝယ်ယူရရှိနိုင်သောနေရာများ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအရောင်းဆိုင်များ
(၁) ရတနာ့အိမ်ရာအရောင်းဆိုင် (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၆၆၄၇၀၄
(၂) မြေပြင်အသီးအရောင်းဆိုင်၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း ၀၁-၅၅၄၆၈၀
(၃) ကော်ဖီစက်ရုံအရောင်းဆိုင်၊ ပြင်ဦးလွင်။ ဖုန်း ၀၈၅-၂၂၁၃၅ ၀၈၅-၂၂၈၉၁ ၀၈၅-၂၁၅၇၉
(၄) မျိုးစေ့ရုံအရောင်းဆိုင်၊ … ရန်ကုန်။ ဖုန်း ၀၁-၅၅၄၄၆၇
(၅) ဗေဒတော… မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ မန္တလေး။ ဖုန်း ၀၂-၈၀၁၇၂ ၀၂-၃၈၀၂၅
(၆) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအရောင်းဆိုင်၊ ရန်ကင်း၊ ရန်ကုန်။
(၇) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအရောင်းဆိုင်၊ … ရန်ကုန်။ ဖုန်း ၀၁-၂၇၂၁၁၅
(၈) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အရောင်းဆိုင်၊ ကုန်သည်လမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၀၅၅၆
(၉) … အရောင်းဆိုင်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၂၉၅၃၁၅

ဆက်သွယ်ရန်
မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း
၉ - မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၆၆၃၇၄၂၊ ၆၆၅၁၅၅














## ဖြည့်စွက်ကြော်ငြာ

အဖ ဦးပြုံးချို၏သားဖြစ်သူ မောင်တင်ထွန်း ၁၂/ဗဟန (နိုင်) ၀၈၂၅၃၂အား ယနေ့မှစ၍ ဒယ်နီယယ်တင်ထွန်းဟု ဖြည့်စွက်ခေါ်ပါရန်။

**ဒယ်နီယယ်တင်ထွန်း။**

## အမည်ပြောင်း

တောင်ငူမြို့ အထက(၁)တက္ကသိုလ် ဝင်တန်း(D)မှ အဖ လိုနန်ခွေ(ခ) ဦးလှမောင်၏သမီး မခင်သန္တာဦးအား မခင်သန္တာမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။**မခင်သန္တာမောင်(တောင်ငူ)။**

## ပေါင်းတည်အသင်း(ရန်ကုန်မြို့) ဦးကျော်(ခ)ဦးခင်မောင်သွင်

### အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ် ၃၄(ပထပ်)နေ ဒေါ်ခင်ရီ၏ခင်ပွန်း၊ရာသက်ပန်အသင်းဝင် မောင်ကျော်လွှမ်းမိုး၏ဖခင်၊ ရာသက်ပန်အသင်းဝင် ဦးကျော်(ခ)ဦးခင်မောင်သွင်သည် ၂၃-၁၀-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့။**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် နိုင်ငံတကာ ဆက်ဆံရေးပညာဌာနမှ ကြီးမှူး၍ အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

| | |
|---|---|
| ၁။ **သင်တန်းအမည်** | – နိုင်ငံတကာဆက်ဆံရေးပညာဒီပလိုမာသင်တန်း Diploma in International Relations |
| ၂။ **သင်တန်းအောင်လက်မှတ်** | – Diploma in International Relations (DIR) |
| ၃။ **သင်တန်းဝင်ခွင့်အရည်အချင်း** | – တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ |
| ၄။ **သင်တန်းကာလ** | – (၉)လ |
| ၅။ **သင်တန်းစတင်ဖွင့်မည့်နေ့ရက်** | – ၁၅-၁၁-၂၀၀၄ (တနင်္လာနေ့) |
| ၆။ **လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်** | – ၂-၁၁-၂၀၀၄ (အင်္ဂါနေ့) |
| ၇။ **လက်ခံမည့်နေရာ** | – နိုင်ငံတကာဆက်ဆံရေးပညာဌာန ဝေသာလီဆောင် |
| ၈။ **သင်တန်းချိန်** | – နံနက် ၇း၀၀ နာရီမှ ၉း၀၀နာရီအထိ (တနင်္လာနေ့မှ သောကြာနေ့အထိ) |
| ၉။ **စုံစမ်းရန်** | – နိုင်ငံတကာဆက်ဆံရေးပညာဌာန ရန်ကုန်တက္ကသိုလ် ဖုန်း-၅၃၆၀၈၈။ |

## အများသိစေရန်

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး (က/ဂ)ရပ်ကွက် ၁၅၅လမ်း၊ အမှတ် (၄၄)တွင် အဆောက်အအုံဆောက်လုပ်ရာတွင် မြေပိုင်ရှင်ဒေါ်သူဇာမြင့် (၁၂/မဂတ(နိုင်) ၀၀၁၀၁၂)သည် မြေညီထပ် (ဝဲ/ညာ)နှစ်ခန်း၊ အဆောက်အအုံအား မျက်နှာမူလျက် နံပါတ်(၂+၃+၄) တိုက်ခန်းသုံးခန်း၊ စုစုပေါင်းတိုက်ခန်း(၅)ခန်းကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိထားပါသည်။

အထက်ပါတိုက်ခန်း(၅)ခန်းသည် ကန်ထရိုက်တာ ဦးငွေစိုး (၁၂/တမန (နိုင်) ၀၈၀၆၃၀)နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း ကြေညာအပ်ပါသည်။

မြေပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးအောင်ဘော်- LL.B., D.B.L., D.M.L. DIL.**
**ဒေါ်အေးအေးစိုး- B.Sc. Hons (I.C) H.G.P.,R.L.D.B.L.**
**တရားရုံးချုပ်ရှေ့နေများ**
**အမှတ်၂၇(က)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀ ၁၇၀၄၄၊ ၂၉၄၈၆၆။**

## မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း ဦးထွန်းလွင်

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏစပေါင်းအိမ်ရာ၊ ယင်းမာမြိုင်လမ်း၊ အမှတ် ၆၈/၂ နေ ဦးထွန်းလွင် (စစ်ကြိုခေတ်မြို့မကျောင်းဆရာဟောင်း) သည် ၂၂-၁၀-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ကျောင်းသားကျောင်းသူဟောင်းအပေါင်းတို့ကို သိစေအပ်ပါသည်။

**အမှုဆောင်အဖွဲ့။**

## ဦးခင်သိန်း(ခ)ဦးခိုင်လတ်

### အသက်(၄၈)နှစ်

မြောက်ဥက္ကလာပမြို့နယ်နေ ဦးလုရွှေ-(ဒေါ်တင်ကြည်)တို့၏သား၊ တိုက် ၂၊ အခန်း ၁၂၊ လေမှုတ်စက်ဝင်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ကြည်ကြည်စိန်(စာရင်းကိုင်-၁၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန)၏ခင်ပွန်း၊ မကေသီလှိုင်၊ မောင်ထက်ဝေဦး(စတုတ္ထတန်း-ဃ၊ အထက-၁၊ ဗိုလ်တထောင်)တို့၏ ဖခင်သည်၂၄-၁၀-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

## ဦးဘုန်းမြင့်ဦး ၁၂/သဃက(နိုင်)၀၃၈၂၄၆ သိစေရန်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် ၉ ရှိ သုတစွယ်စုံစာအုပ်တိုက်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်သည်။

ဦးဘုန်းမြင့်ဦးသည် သုတစွယ်စုံစာအုပ်တိုက်တွင် ပြုလုပ်ချုပ်ဆိုသော ၁၆-၃-၂၀၀၄ ရက်စွဲပါ ဝန်ခံကတိစာချုပ်ကို ဖောက်ဖျက်ပြီး လုပ်ငန်းတာဝန်များကို ရှောင်လွှဲနေကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း သုတစွယ်စုံစာအုပ်တိုက်သို့ လူကိုယ်တိုင် လာရောက်ဖြေရှင်းရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

ညွှန်ကြားချက်အရ-

**ဦးမောင်ဖေတင် B.Sc,H.G.P,R.L** / **ဦးလှသိန်း:B.A,H.G.P**
**တရားရုံးချုပ်ရှေ့နေ(စဉ်)၃၀၃၃** / **အထက်တန်းရှေ့နေ(စဉ်)၆၃၁၅**
**အမှတ် ၆၄၊ ၂၈ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၄ ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ် ၅၀နေ ကြီးကြီးဒေါ်ကြည်ခင်၏ ခင်ပွန်း၊ ကိုငွေအောင်၊ ကိုအောင်ခင်လတ်တို့၏ ဖခင်ဖြစ်သူ ဘဘ ဦးအောင်သိန်း (ကျောက်ဆည်) အသက် (၇၂) နှစ်သည် ၂၂-၁၀-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသန်းထွန်း+ဒေါ်တင်ယုမေ**
**သီဟရာဇာ ချည်စက်နှင့် စောင်စက်ရုံ**
**မုံရွာမြို့။**

## ဝမ်းနည်းကြေကွဲခြင်း ဒေါ်နှင်းနှင်းအိ

### အသက်(၄၅)နှစ်

သူငယ်ချင်း ဒုရဲမှူးခင်မောင်လတ်၏ ဇနီး ဒေါ်နှင်းနှင်းအိသည် ၇-၁၀-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **Dr.မြတ်ကောင်းရွှေ။**

## ကိုမင်းကြည် (အလုံ)

### အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် ၂၇ နေ ဦးခင်စန်း-(ဒေါ်ညွန့်စိန်)တို့၏သား၊ ကိုအုန်းသောင်-မခင်သန်းစိန်၊ (ကိုမြင့်ဆွေ)၊ ကိုဇော်နိုင်တို့၏ ညီ/မောင်၊ မခင်မာအေး၏အစ်ကိုသည် ၂၅-၁၀-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင်ကွယ်လွန်သွားပါ၍ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု။**

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၂၇

ဂျပန်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်းကျရောက်မှုကြောင့်လည်းကောင်း၊ မြေငလျင်ဒဏ်ကြောင့်လည်းကောင်း အသက် အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်အိချိရို ကိုအိဇုမိထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

## အရှည်ပေ ၂၁၄၀ရှိဝေန်မြစ်ကူးပုသိမ်တံတားတည်ဆောက်လျက်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးနေ တံတားပြီးစီးက ငွေဆောင်၊ချောင်းသာနှင့်သာပေါင်းသို့ ရာသီမရွေးသွားလာနိုင်မည်

ရန်ကုန် အောက်တိုဘာ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် ပုသိမ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်၍ မရမ်းချောင်း ဘက်ကမ်း ချဉ်းကပ်တံတား ကတ္တရာခင်းပြီးစီးမှု၊ လူသွားလမ်းစင်္ကြံကွန်ကရစ်အခင်းများချထားမှုနှင့် ပင်မတံတား တာဝါတိုင်ထိပ်အထိ သံပေါင်များ တပ်ဆင်ပြီးစီးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးအား စီမံကိန်း ယာယီရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက တံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က

စာမျက်နှာ ၉ ကော်လံ ၁ ●

**မြန်မာ့အလင်း**

### ခေါင်းကြီးအညွှန်း

▲ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ခုနစ်ဝါအရောက်တွင် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အဘိဓမ္မာတရားဖြင့် ကျေးဇူးဆပ်ခြင်းဖြစ်လေရာ မိဘကျေးဇူးကို တရားဓမ္မဖြင့် ပေးဆပ်တော်မူခဲ့သော ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အထူးသိမြင်ပြီး မိမိတို့ကလည်း မိဘ၊ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို ကျေပွန်အောင်ပေးဆပ်နိုင်စေရန် အားထုတ်ကြရမည်ဖြစ်သည်။

ခေါင်းကြီး( စာ – ၂)

## ဈေးနှုန်းချိုသာ၊ လိုတာစိတ်ကြိုက်ဝယ်ယူနိုင်သည့် သမဝါယမဒေသထွက်ကုန်အရောင်းပွဲတော်

ရန်ကုန် အောက်တိုဘာ ၂၇

သမဝါယမ ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ်အတွက် ဒုတိယအကြိမ်သမဝါယမဒေသထွက်ကုန်အရောင်းပွဲတော်ကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်ရှိ သမဝါယမ ကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံပလာဇာ)၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း တက်ရောက်၍ အရောင်းပွဲတော် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

သတင်းဆောင်းပါး–အထက်မင်းလှညွန့်အောင်
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲအခြေခံ ပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသမီး) ဂစ်တာ အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မပန်းမီမီ ယှဉ်ပြိုင်စဉ်။ **(သတင်း-ဂ) (မြန်မာ့အလင်း)**



အောက်တိုဘာ ၂၁ ရက်က ဖွင့်လှစ်လိုက်သော စိုက်ပျိုးရေးအတွက်သာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုမည်ဖြစ်သည့် ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ သီရိနန္ဒာရေလှောင်တမံကို ဤသို့တွေ့ရသည်။ **(သတင်းအကျယ်-၃)**

**ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)**

အောက်တိုဘာ ၂၁ရက်က ဖွင့်လှစ်လိုက်သော စပါးစိုက်ဧက ၇၅ ဧကကို ရေပေးဝေနိုင်မည့် ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ သစ်ကြီးတော ရေလှောင်တမံကို ဤသို့တွေ့ရသည်။ **(သတင်းအကျယ်-၃)**

**ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)**



28-10 (20).p65 1 25.03.1905, 5:30 PM